# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၉)ရက် ၊ ကြာသပတေးနေ့ ၊ (23-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၈၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ

## ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Mr. Ngu Anh Duc သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ

စာမျက်နှာ ၁၆ ကော်လံ ၁ ⚐

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ

## ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Mr. Margulan Baimukhan သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ

စာမျက်နှာ ၁၇ ကော်လံ ၁ ❍



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ngu Anh Duc က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Margulan Baimukhan က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

## ကညင်ရေလှောင်တမံ ရေအားလျှပ်စစ်စီမံကိန်းမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ယူနစ် ၃၅ ဒသမ ၇၇၄ သန်းခန့် ထုတ်လုပ်ပေးနိုင်မည်



ပုသိမ် ဇူလိုင် ၂၂

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကညင်ရေလှောင်တမံတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ၁၀ ဒသမ ၅ မဂ္ဂါဝပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ယူနစ် ၃၅ ဒသမ ၇၇၄ သန်းခန့် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အား ယူနစ် ၃၅ ဒသမ ၇၇၄ သန်းခန့်ကို အိမ်ထောင်စုတစ်စုလျှင်


စာမျက်နှာ ၁၇ ကော်လံ ၁ ❑

## တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၂

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင်

စာမျက်နှာ ၁၇ ကော်လံ ၃ ●



ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၂၃ ရက်
အယ်ဒီတာ့အာဘော်

# စည်းလုံးညီညွတ်ခြင်းဖြင့် တိုးတက်သောနိုင်ငံတော်ကိုတည်ဆောက်

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုပေါ်တွင် များစွာတည်မှီနေသည်။ စည်းလုံးညီညွတ်မှုမရှိခြင်းကြောင့် မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ခဲ့ရပြီး လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည်။ အဆိုပါလွတ်လပ်ရေးကို ပြန်လည်ရယူရန်အတွက် နယ်ချဲ့များကို တိုင်းရင်းသားများ၏စည်းလုံးညီညွတ်မှုဖြင့် တိုက်ထုတ်ခဲ့ရသည်။

**"လွတ်လပ်ရေးရပြီးတော့ စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးကညီညွတ်ဖို့လိုတာပေါ့။ ညီညွတ်ရုံနဲ့မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လိုပါတယ်။ စည်းကမ်းရှိဖို့လဲလိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေ ရှိနေတာအမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။ ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်တဲ့နိုင်ငံ မဖြစ်စရာအကြောင်းမရှိပါဘူး။ မြန်မာနိုင်ငံသားအားလုံး ခွန်အားရှိကြတယ်။ ကိုယ့်ခွန်ကိုယ်အားကို အသုံးချနိုင်ဖို့ပဲလိုတယ် ဆိုတာပြောပါရစေ"**ဟု ၂၀၂၆ ခုနှစ် ၇၉ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မီဒီယာများ၏မေးမြန်းမှုများ ဖြေကြားရာတွင် ထည့်သွင်းဖြေကြားခဲ့သည်။

မြန်မာနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အရေးကြီးသောအချက်ဖြစ်သည်။ လွတ်လပ်ရေးမဆုံးရှုံးမီက တိုင်းရင်းသားအားလုံးသည် စုစုစည်းစည်းနေထိုင်ခဲ့ကြသည်။ လွတ်လပ်ရေးဆုံးရှုံးပြီးနောက်ပိုင်းတွင် အမျိုးမျိုးသောသွေးခွဲမှုများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားခဲ့ကြသည်။ လွတ်လပ်ရေးပြန်လည်ရရှိပြီးချိန်တွင်လည်း အမျိုးမျိုးသောသွေးခွဲမှုများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုများ ပျက်ယွင်းခဲ့ရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသောတိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုဝင်များသည် သမိုင်းအစ ရှေးပဝေသဏီကပင် နိုင်ငံအနှံ့ နေရာဒေသအသီးသီး၌ အတူတကွနေထိုင်လာခဲ့ကြပေသည်။ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၍ အတူတကွပေါင်းစည်းနေထိုင်လာခဲ့ကြသည်မှာ ယနေ့ကာလတိုင်ဖြစ်ပေသည်။ ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ့်ထီး၊ ကိုယ့်နန်းဖြင့် လွတ်လပ်သောအချုပ်အခြာအာဏာပိုင်ဆိုင်လာခဲ့သော နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင်ခံ့ညားထည်ဝါစွာ ရပ်တည်လာခဲ့ကြပေသည်။ ဤအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရမည်မှာ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားနှင့် တာဝန်သာဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညီစည်းလုံးစွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကာ ကျော်ဖြတ်နိုင်ခဲ့သည်။ မိုခါမုန်တိုင်း (၂၀၂၃ ခုနှစ်)၊ ရာဂီမုန်တိုင်း (၂၀၂၄ ခုနှစ်)၊ မန္တလေးငလျင်(၂၀၂၅ ခုနှစ်) စသည့်သဘာဝဘေးတို့ကိုလည်း အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့အတူလက်တွဲ၍ စိန်ခေါ်မှုအမျိုးမျိုးကို ကျော်ဖြတ်နိုင်ခဲ့ပေသည်။ ထိုသို့ ကျော်ဖြတ်နိုင်ခဲ့ခြင်းမှာ စည်းလုံးညီညွတ်ခြင်း၏ သာဓကပင်ဖြစ်ပေသည်။ သို့ဖြစ်ပါ၍ အနာဂတ်တွင် ပြည်သူအားလုံးက ယခုထက်ပို၍ စည်းလုံးညီညွတ်စွာဖြင့် အခက်အခဲမှန်သမျှကို ကျော်ဖြတ်ကာ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်ကြီးကို အတူတကွ တည်ဆောက်ကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မုံရွာ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ကေ ၃၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် လေရှီးမြို့နယ်၌ ၂၅၇ ကေ၊ ဆွမ္မရာမြို့၌ ၂၄ ကေ၊ လဟယ်မြို့နယ်၌ ၁၅၁၃ ကေ၊ ထန်ပါခွေမြို့၌ ၄၃၅ ကေ၊ နန်းယွန်းမြို့နယ်၌ ၅၀၄ ကေ၊ ဒုံဟီးမြို့၌ ၄၃၆ ကေ၊ ပန်ဆောင်မြို့၌ ၃၉၇ ကေ စုစုပေါင်း ၃၅၆၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဟင်းသီးဟင်းရွက် ကေ ၃၅၀၀ လျာထား စိုက်ပျိုးခဲ့ပါတယ်။ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန်အတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သဖြင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဟသ်ာတမြို့နယ်တွင် ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေ



**ဟသ်ာတ ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ကန်စွန်းဥများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းမွေးက ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်တွင် ဇူလိုင်လပထမပတ်မှ စတင်ကာ ယနေ့ထိ ကန်စွန်းဥများ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ကန်စွန်းဥတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ကန်စွန်းဥနဲ့ ဆက်စပ်တဲ့ မုန့်လုပ်ငန်းတွေ၊ ကန်စွန်းဥနဲ့ ထုတ်လုပ်တဲ့ စားသောက်ကုန်လုပ်ငန်းတွေက အသုံးများလာတာကြောင့် ဝယ်လိုအားများပြီး အခုလို ကန်စွန်းဥတွေ အများအပြား အရောင်းအဝယ် ကောင်းမွန်နေတာပါ။ အရောင်းအဝယ်ဖြစ်နေတဲ့ ကန်စွန်းဥတွေက အထွက်နှုန်းကောင်းပြီး အရည်အသွေးလဲကောင်းပါတယ်။ ပိုးမွှားအန္တရာယ်လဲ ကင်းရှင်းတာတွေ့ရပါတယ်" ဟု ဟသ်ာတမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းမွေးက ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် ကန်စွန်းဥများ အရောင်းအဝယ်ကောင်းလာခြင်းသည် ကန်စွန်းဥနှင့် ဆက်စပ်သော ထုတ်ကုန်လုပ်ငန်းများဖြစ်သည့် ကန်စွန်းဥပြုတ်၊ ကန်စွန်းဥကြော်၊ ကန်စွန်းဥကိတ်မုန့် စသည့်အစားအသောက်များအဖြစ် ပြုလုပ်ရောင်းချသူများက အဓိကဝယ်ယူနေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တံတားဦးမြို့နယ် ပန်းယျကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာပြုလုပ်နည်းသင်တန်းဖွင့်

**တံတားဦး ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာပြုလုပ်နည်း သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၁ ရက်က ပန်းယျကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားပြီး တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာပြုလုပ်နည်း သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာမက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါသင်တန်းသို့ ပန်းယျကျေးရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာမများက ဆပ်ပြာပြုလုပ်နည်းသင်တန်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်ထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# သာစည်မြို့နယ် ဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် ဆောင်ရွက်ထားသော အရောင်းအဝယ်နှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဇီးတောကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၁၃ ဒသမ ၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁၇ ဦးကို ငွေကျပ် ၄၆ ဒသမ ၁ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၈၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၉ ဒသမ ၆ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဒေါ်နှင်းနှင်းမော် CAE ကိုယ်ပိုင်အထက်တန်းကျောင်းမိသားစုက မိခင်ကြီး ဒေါ်အေးနှင့်ညီမ ဒေါ်နုနုရီတို့အားရည်စူး၍ ငွေကျပ် ၅၅ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြတ်ကျော်၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးယုတင်တို့က လက်ခံရယူစဉ်။

# ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၅၀၆၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၅၀၆၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၅၁၈၆၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၀၆၄၈ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ နှမ်းဧက ၅၁၈၆၀ စိုက်ပျိုးဖို့ လျာထားခဲ့ပါတယ်။ ဒီနေ့မှာ ၅၀၆၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေ ရှိပါတယ်"ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယင်းမာပင်မြို့နယ်တွင် နှမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ရမည်းသင်းမြို့နယ် ကဒေါင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရမည်းသင်း ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကဒေါင်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ (VRFP)စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက ကျေးရွာမတည်ရန်ပုံငွေ (VRFP)စီမံကိန်း အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ VRFP စီမံကိန်းရန်ပုံငွေကျပ် ၃၈၈ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကဒေါင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၃ ဦးကို ကျေးရွာမတည်ရန်ပုံငွေ (VRFP)စီမံကိန်း ရန်ပုံငွေကျပ် ၃၈၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းထံမှ သိရသည်။

**ချိုသန်းညွန့်**

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူပြီးကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇွန်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငပုတောမြို့နယ်ကနေ ရန်ကုန်ဆန်ဈေးကွက်ကို ပြီးခဲ့တဲ့ဇွန်လတွင်းမှာ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကဆန်တွေကို ပြည်တွင်းဆန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိ ဒေသထွက် နွေစပါးလက်ကျန် အဟောင်းတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဆန်ဈေးကလဲ ပုံမှန်အခြေအနေမှာရှိနေပြီး ရောင်းဝယ်လို့ အဆင်ပြေပါတယ်"ဟု ငပုတောမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးအေးက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပေါ်ဆန်းဆန်များကို အဆက်မပြတ် တင်ပို့ရောင်းချရခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ စပါးစိုက်တောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ကုန်းဘောင်ခေတ် သူငယ်တော်သုတေသန

ဗိုလ်ရှိတ်(ရတနာပူရ)

**ယခင်တစ်ပတ်မှအဆက်**

ရွှေကိုင်းသား၏မှတ်တမ်းနှင့် အနောက်ဝန်ခန့် ပြန်တမ်းများအရ သန့်ရှင်းရေးလုပ်ငန်းကို သူငယ်တော်တို့နှင့်အတူ သပေါက်တော်တို့ကလည်း ဆောင်ရွက်ရကြောင်း ဖော်ပြထားသည်။ သပေါက်မှာ ကိုးမျိုးရှိ၍ ကိုးသားပေါက်ဟူ၍လည်း ခေါ်ကြသည်။ ထိုကိုးမျိုးမှာ ပဲခူးသားပေါက်၊ ပြည်ကြီးသားပေါက်၊ သားပေါက်စစ်၊ သားပေါက်မှန်၊ ခွင်သားပေါက်၊ သားပေါက်ခံ၊ ရွေးသားပေါက်၊ သားပေါက်တော်၊ သားပေါက်ကျော်ဟူ၍ဖြစ်သည်။ ကိုးသားပေါက်ကို ညောင်ရမ်းမင်း ၁၀ ဆက်တွင်မှစ၍ ပေါ်ပေါက်လာသည်ဟု ရွှေနန်းသုံးဝေါဟာရအဘိဓာန်၌ ဆိုထားသည်။ သက္ကရာဇ် ၉၉၇ ခုနှစ်၊ သာလွန်မင်းလက်ထက် ထုတ်ပြန်ခဲ့သော အမိန့်တော်တစ်ခုတွင် သပေါက်စု ဟူသောအမည်ကို တွေ့ရသည်။

ရွှေနန်းသုံးဝေါဟာရအဘိဓာန်တွင် သူငယ်တော်အမှုထမ်းတို့ကို ဘိုးတော်ဗဒုံမင်းလက်ထက် စတင်ဖွဲ့သည်ဟုဆိုခြင်းမှာ ကျမ်းပြုဆရာသည် အထက်ပုဂံခေတ်၊ ပင်းယ၊ အင်းဝခေတ်တို့တွင် သူငယ်တော်အမှုထမ်းရှိသည်ကို မသိ၍မဟုတ်။ သိမည်သာဖြစ်သည်။ ဦးမောင်မောင်တင် (K.S.M.A.T.M) လို ရာဇဝင်ကျမ်းပြုဆရာတစ်ဦးအဖို့ မသိနိုင်စရာအကြောင်းလည်းမရှိပေ။ ကျမ်းပြုဆရာဆိုလိုသည်မှာ အထက်ပုဂံခေတ်၊ ပင်းယ၊ အင်းဝခေတ်က သူငယ်တော်များလို မဟုတ်ဘဲ သန့်ရှင်းရေးလုပ်ရသည့် သူငယ်တော်အမှုထမ်း စတင်ဖွဲ့စည်းသည်ကိုသာ ရည်ရွယ်၍ဆိုဟန်တူသည်။

ရတနာပုံ မန္တလေးခေတ်တွင် သူငယ်တော်အမှုထမ်းတို့ကို သန့်ရှင်းရေး လုပ်ဆောင်ရသူများအဖြစ် ဖွင့်ဆိုရေးသားရခြင်းမှာ ဦးမောင်မောင်တင် (K.S.M.A.T.M) သည် ရတနာပုံမန္တလေးခေတ်ကို ကောင်းစွာသိမီလိုက်သူဖြစ်သည်။ သူငယ်တော်အမှုထမ်းတို့ကို တွေ့ခဲ့၊ မြင်ခဲ့၊ သိခဲ့မည်သာဖြစ်သည်။ ဦးမောင်မောင်တင် (K.S.M.A.T.M) ကိုယ်တိုင်ပင် မင်းတုန်းမင်းကြီးထံ၌ သူငယ်တော်အဖြစ် အမှုထမ်းခဲ့ရသူဖြစ်သည်။ ထို့ကြောင့် ပိုင်ပိုင်နိုင်နိုင် ဖွင့်ဆိုခဲ့ခြင်းဖြစ်မည်ဟု ယူဆရသည်။

ထို့အတူ သူငယ်တော်တို့ကို သန့်ရှင်းရေးလုပ်ရသူအဖြစ် ပထမဆုံး အစောဆုံးဖွင့်ဆိုခဲ့သူ ဆရာယုဒသန်သည် ၁၈၁၃ ခု ဇူလိုင် ၁၃ ရက်နေ့တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ စတင်ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံသို့ ဆရာယုဒသန်ရောက်ရှိချိန်သည် အမရပူရမြို့တွင် ဘိုးတော် ဗဒုံမင်းစိုးစံနေချိန်ဖြစ်သည်။ ထို့နောက် ဆရာယုဒသန်သည် အင်းဝနေပြည်တော်သို့ သွားရောက်ခဲ့သည်။ အင်းဝသို့ ဆရာယုဒသန်တို့ ရောက်ရှိချိန်မှာ ၁၈၂၂ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်နေ့ ဖြစ်သည်။ ထိုအချိန်တွင် အမရပူရမြို့တွင် ဘိုးတော်ဗဒုံမင်း၏မြေးတော် ဘကြီးတော်စစ်ကိုင်းမင်း စိုးစံနေချိန်ဖြစ်သည်။ ဘကြီးတော်သည်လည်း အမရပူရမှ အင်းဝမြို့သို့ပြောင်းရွှေ့ရန် စီမံနေချိန်ဖြစ်သည်။ ဆရာယုဒသန်သည် ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်တွင် စကားပြန်အဖြစ် ဆောင်ရွက်ခဲ့သည်။ သို့ဖြစ်သောကြောင့် ဆရာယုဒသန်သည် အမရပူရနန်းတော်၊ အင်းဝနန်းတော်မှ သူငယ်တော်အမှုထမ်းများအကြောင်းကို သိမြင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ ထို့ကြောင့်လည်း သူငယ်တော်ကို သူသိခဲ့သည့်အတိုင်း သန့်ရှင်းရေးအမှုထမ်းအဖြစ် မြန်မာ–အင်္ဂလိပ် အဘိဓာန်တွင် ဖွင့်ဆိုခဲ့ခြင်း ဖြစ်နိုင်သည်။ ဆရာယုဒသန် တွေ့ကြုံခဲ့ရသော အချိန်ကာလသည် ဘိုးတော်ဗဒုံမင်းနှင့် ဘကြီးတော်စစ်ကိုင်းမင်း မြေးအဘိုးနှစ်ဦးလက်ထက် အမရပူရခေတ်ကာလဖြစ်သည်။ ရွှေနန်းသုံးဝေါဟာရ အဘိဓာန်တွင်လည်း အမရပူရခေတ် ဘိုးတော်ဗဒုံမင်းလက်ထက်၌သန့်ရှင်းရေးလုပ်ရသော သူငယ်တော်အမှုထမ်း စတင်ဖွဲ့စည်းသည်ဟုဆိုသဖြင့် ခေတ်ကာလ တူညီနေသည်။ ထို့ကြောင့် ဆရာယုဒသန်၏ဖွင့်ဆိုချက်နှင့် ရွှေနန်းသုံးဝေါဟာရအဘိဓာန်တို့၏ ဖွင့်ဆိုချက်မှာ မှားသည်ဟု မဆိုနိုင်ပေ။ သူတို့ နှစ်ဦးလုံးသည် သိခဲ့၊ မြင်ခဲ့၊ ကြားခဲ့သည့်အတိုင်း ဖွင့်ဆိုခဲ့ခြင်းသာ ဖြစ်သည်ဟု ဆိုရပေသည်။

သို့ဖြစ်သောကြောင့် အမရပူရခေတ်၊ ရတနာပုံ မန္တလေးခေတ် သူငယ်တော်အမှုထမ်းတို့နှင့် ပုဂံ၊ ပင်းယ၊ အင်းဝခေတ် သူငယ်တော်အမှုထမ်းတို့မှာ တူညီမှုမရှိဘဲ အလုပ်အကိုင် သတ်သတ်စီသာဖြစ်ကြောင်း ခွဲခြားမှတ်သားရမည်ဟု ယူဆရသည်။ တစ်နည်းအားဖြင့် ပုဂံ၊ ပင်းယ၊ အင်းဝခေတ် သူငယ်တော်နှင့် အမရပူရ၊ ရတနာပုံမန္တလေးခေတ် သူငယ်တော်တို့ကို ခွဲခြားနားလည်ရန်လိုသည်။

**❖ အမရပူရခေတ်၊ ရတနာပုံမန္တလေးခေတ် သူငယ်တော်အမှုထမ်းတို့နှင့် ပုဂံ၊ ပင်းယ၊ အင်းဝခေတ် သူငယ်တော်အမှုထမ်းတို့မှာ တူညီမှုမရှိဘဲ အလုပ်အကိုင် သတ်သတ်စီသာဖြစ်ကြောင်း ခွဲခြားမှတ်သားရမည်ဟု ယူဆရသည်။ တစ်နည်းအားဖြင့် ပုဂံ၊ ပင်းယ၊ အင်းဝခေတ် သူငယ်တော်နှင့် အမရပူရ၊ ရတနာပုံမန္တလေးခေတ် သူငယ်တော်တို့ကို ခွဲခြားနားလည်ရန်လိုသည်။ အမရပူရမြို့တည်နန်းတည် ဘိုးတော်ဗဒုံမင်းလက်ထက်တွင် ရခိုင်ပါလူများဖြင့် သူငယ်တော်အမှုထမ်းဖွဲ့၍ နန်းတော်အတွင်း သန့်ရှင်းရေးလုပ်ရသည်ဟုဆိုသောကြောင့် ရခိုင်ဘက်မျက်နှာ၌ရှိသော သူငယ်တော်တို့အကြောင်းကို ဖော်ပြရန်လို၏။ ❖**

အမရပူရမြို့တည်နန်းတည် ဘိုးတော်ဗဒုံမင်းလက်ထက်တွင် ရခိုင်ပါလူများဖြင့် သူငယ်တော်အမှုထမ်းဖွဲ့၍ နန်းတော်အတွင်း သန့်ရှင်းရေးလုပ်ရသည်ဟုဆိုသောကြောင့် ရခိုင်ဘက်မျက်နှာ၌ရှိသော သူငယ်တော်တို့အကြောင်းကို ဖော်ပြရန်လို၏။ အချို့က ရခိုင်ပါလူများဖြင့် သူငယ်တော်ဖွဲ့သည် ဟူသောအဆိုကို ကုန်းဘောင်ရာဇဝင်တော်ကြီးတို့တွင် ဖော်ပြထားခြင်းမရှိသောကြောင့် လက်မခံလိုကြပေ။ ထိုအဆိုကို ကုန်းဘောင်ရာဇဝင်တော်ကြီးတို့တွင် ဖော်ပြထားခြင်းမရှိသော်လည်း ရခိုင်ရာဇဝင်သစ်ကျမ်း၊ ဓညဝတီရာဇဝင်သစ်ကျမ်းတို့၌ ဖော်ပြထားသည်ကို တွေ့ရသည်။

ရွှေနန်းသုံး ဝေါဟာရအဘိဓာန်တွင် သက္ကရာဇ် ၁၁၅၀ ပြည့်နှစ်၌ ရခိုင်ပြည်နယ် ရခိုင်မြို့၊ သံတွဲမြို့၊ ရမ်းဗြဲမြို့၊ မာန်အောင်မြို့တို့မှ အိမ်ထောင်စု ၁၁၀ ကို အမရပူရမြို့သို့ခေါ်ပြီး သူငယ်တော်ဖွဲ့ကြောင်း ဖော်ပြထား၏။ ထိုနည်းတူစွာပင် ရခိုင်ရာဇဝင်သစ်ကျမ်း၌ "အနောက်ဘက်တိုက်ဝန်သည် သက္ကရာဇ် ၁၁၅၀ ပြည့်၊ နတ်တော်လဆန်း ကိုးရက်နေ့တွင် ရခိုင်မြို့ကို ဝန်ပြုလာ၏။ ရခိုင်မြို့၊ သံတွဲမြို့၊ ရမ်းပြည့်မြို့ (ရမ်းဗြဲ)၊ မာန်အောင်မြို့ ဤလေးမြို့တို့ကို သူငယ်တော်တစ်ရာ့တစ်ကျိပ် တောင်းသောကြောင့် ၎င်းသက္ကရာဇ် နတ်တော်လတွင် အမရပူရ ဘိုးတော်မင်းထံသို့ သူငယ်တော်ပို့ဆက်ရလေ၏"ဟူ၍ ဖော်ပြထားသည်။

ရွှေနန်းသုံးဝေါဟာရ အဘိဓာန်မှတ်တမ်း၊ ရခိုင်ရာဇဝင်သစ်ကျမ်းမှတ်တမ်းမှာ တစ်ထပ်တည်းကျနေသည်ကိုတွေ့ရသည်။ ထို့ကြောင့် ဘိုးတော်ဗဒုံမင်းလက်ထက် ရခိုင်ပါလူများဖြင့် သူငယ်တော်အစုဖွဲ့၍ အနောက်ဆောင်အတွင်း သန့်ရှင်းရေးလုပ်ရသည်ဟူသောအဆိုမှာ ခိုင်မာသည်ဟုဆိုရမည်။

ရခိုင်ရာဇဝင်သစ်ကျမ်းတွင် ၁၁၅၀ ပြည့်နှစ် မတိုင်မီကလည်း အမရပူရမြို့တော်သို့ သူငယ်တော်အမှုထမ်းများပို့ရကြောင်း ဖော်ပြထားသည်ကိုလည်း တွေ့ရပါသည်။ ထိုအကြောင်းကို ရခိုင်ရာဇဝင်သစ်ကျမ်း၌ "သူငယ်တော် ယောကျ်ား မိန်းမခုနစ်ထောင့်ခုနစ်ရာ၊ မိန်းမစိုးကုလား အစရှိသော လူ၊ ရှင်ရဟန်းတို့ကို ရခိုင်မြို့ဝန် နန္ဒပကျန်အား တောင်းသောကြောင့် သက္ကရာဇ် ၁၁၄၉ ခု၊ တပေါင်းလတွင် အမရပူရမြို့တော်သို့ ပို့ဆက်ရလေသည်"ဟူ၍ဖြစ်သည်။

အထက်ပါ အထောက်အထားများအရ ဘိုးတော်ဗဒုံမင်းလက်ထက်တွင် ရခိုင်ပြည်နယ်မှ အမရပူရမြို့တော်သို့ သူငယ်တော်များ ဆက်သခဲ့ကြကြောင်း ထင်ရှားလှ၏။ ထိုသူငယ်တော်တို့ နေထိုင်ရသော သူငယ်တော်ရွာမှာ အမရပူရမြို့တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ ယခုအချိန်ထိ သူငယ်တော်ကျေးရွာ ဟူသောအမည်ဖြင့် တည်ရှိနေသည်။

ရခိုင်မှတ်တမ်းများတွင်တွေ့ရသည်မှာ ရခိုင်ပြည်နယ်ဘက်၌ သူငယ်တော်ရွာများရှိကြောင်း သိရသည်။ ရခိုင်မင်းရာဇာကြီး စာတမ်းအရ အမတ်သူငယ်တော်များရှိကြောင်း သိရသည်။ ရခိုင်ပြည်နယ်ဘက်တွင် လူငယ်လေးများကို ရွေးထုတ်ပြီး လေ့ကျင့်ပေးထားသော သူငယ်တော်များရှိသည်။ ထိုသို့ လက်ရွေးစင်ရွေးချယ်ထားသော သူငယ်တော်လေးများကို အခြေခံပညာရပ်များ၊ နန်းဓလေ့များ၊ ယဉ်ကျေးလိမ္မာဓလေ့ထုံးတမ်းများ၊ ဝတ္ထုပုံပြင် ရာဇဝင်အခြေခံ ဇာတ်လမ်းများ၊ ဆင်စီး၊ မြင်းစီး၊ လေ့လှော်အတတ်စသည်တို့ကို လေ့ကျင့်သင်ကြားပေးထားသည်။ ခေတ်စကားဖြင့်ဆိုရလျှင် လူငယ်ကေဒါများပင် ဖြစ်သည်။ ၎င်းသူငယ်တော်လေးများကို စီရင်အုပ်ချုပ်ရသူမှာ သူငယ်တော်မင်း၊ သူငယ်တော်ဝန်တို့ဖြစ်သည်။ ဘိုးတော်ဗဒုံမင်း ရခိုင်ပြည်ကို သိမ်းယူပြီးသောအခါတွင် ထိုသူငယ်လေးများသည် အစေခံဘဝ၊ ကပြဖျော်ဖြေရသည့် အခြေအနေသို့ ရောက်ခဲ့ရသည်ဟု ရခိုင်မှတ်တမ်းတို့၌ တွေ့ရပေသည်၊

ပုဂံ၊ ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ် စသည့်ခေတ်အဆက်ဆက်တွေ့ရသော အထောက်အထားများအရ သူငယ်တော်တို့အကြောင်းကို ခြုံ၍ကြည့်မည်ဆိုလျှင် ပုဂံခေတ်တွင် သူငယ်တော်တို့သည် အဆင့်အတန်း နိမ့်ကျသည့် အထောက်အထားမတွေ့ရပေ။ ကလန်သံပျင် အမတ်တို့ကဲ့သို့ အဆင့်အတန်းရှိသူများ အနေဖြင့်သာ တွေ့ရသည်။ **ကွန်ပြောက်စောင့်ပြင်ပငယ်**ဟူသော ကျောက်စာစကားအရလည်း နန်းတော်စောင့်ရသည့် သူငယ်တော် အမှုထမ်းများဖြစ်ကြောင်း သိရသည်။ သူငယ်တော်မှုဆိုး၊ အပသူငယ်၊ ကွန်ပြောက်စောင့်ပြင်ပငယ် စသည့်အသုံးအနှုန်းအရေးအသားများအရ ပုဂံခေတ်တွင် သူငယ်တော်တို့သည် အမည်တူသော်လည်း အလုပ်အကိုင်ဌာနကွဲပြားကြောင်း ကောက်ချက်ချရမည် ဖြစ်သည်။

ပင်းယ၊ အင်းဝခေတ်တွင်လည်း သူငယ်တော်တို့သည် ဘုရင့်လှူယုံတော်၊ ဘုရင့်အချစ်တော်၊ နန်းတော်စောင်းတန်း လှေကားမှန်တို့တွင် စောင့်ရသူများဖြစ်ကြောင်း သိရသည်။ နိမ့်ကျသောအမှုထမ်းမျိုးမဟုတ်ပေ။ မင်း၏အလှူတွင် ပါဝင်ကုသိုလ်ပြုခွင့်ရသည့် မင်းနှင့်အကျွမ်းဝင်သူများဖြစ်သည်။

ညောင်ရမ်းခေတ်တွင် သူငယ်တော်တို့သည် ဘုရင့်လုံခြုံရေးအတွက် သေနတ်ကိုင်၍လိုက်ရသည့် အဆင့်ထိရှိလာကြောင်း တွေ့ရသည်။ နန်းတော်လုံခြုံရေးအတွက်လည်း သေနတ်ကိုင်၍စောင့်ရသည်။ သူငယ်တော်သေနတ်၊ စွန့်စားသူငယ်တော်မှူးသွေးသောက်ဟူသော စကားများနှင့် အမိန့်တော်များပါ အထောက်အထားများအရလည်း သူငယ်တော်တို့မှာ အမည်တူသော်လည်း အလုပ်အကိုင်ကွဲပြားသည်ဟု ကောက်ချက်ချရမည်ဖြစ်သည်။ ညောင်ရမ်းခေတ်အချိန်အခါထိ သန့်ရှင်းရေးလုပ်ရသည့် သူငယ်တော်များအကြောင်းကို မတွေ့ရသေးပေ။ "သူငယ်တော်အလောင်းထားသည့် အောက်မြေကစောင့်ရသည်" ဟူသောအသုံးအရ အလောင်းစောင့်ရသည့် သူငယ်တော် ရှိလာပြီဖြစ်သည်။ ကုန်းဘောင်ခေတ်တွင်လည်း သူငယ်တော်တို့မှာ အမည်တူသော်လည်း အလုပ်အကိုင်ကွဲပြားကြောင်း သိရသည်။ သန့်ရှင်းရေး လုပ်ရသည့်သူငယ်တော်များ ပေါ်ပေါက်လာပြီဖြစ်သည်။ ရွှေနန်းသုံး ဝေါဟာရအဘိဓာန်အရ သန့်ရှင်းရေးလုပ်ရသော သူငယ်တော်စုကို ဘိုးတော်ဗဒုံမင်းလက်ထက် ရခိုင်ပါလူများဖြင့် ဖွဲ့စည်းသည်ဟု ဆိုထားသည်။

ဤနေရာတွင် သတိပြုရမည့်အချက်မှာ ပုဂံခေတ်၊ ပင်းယခေတ်၊ ညောင်ရမ်းခေတ် ခေတ်အဆက်ဆက်တို့မှ သူငယ်တော်များသည် ဘိုးတော်ဗဒုံမင်းလက်ထက်မှ သန့်ရှင်းရေးလုပ်ရသော သူငယ်တော်များဖြစ်သွားသည်ဟု အမှတ်မမှားကြရန်ဖြစ်သည်။ ထိုကဲ့သို့ ရောထွေးနေခြင်းကြောင့် အဆင့်အတန်းမြင့်သော သူငယ်တော်များသည် ဤကဲ့သို့ သန့်ရှင်းရေးလုပ်ရသူများ မဖြစ်တန်ကောင်းဟု ငြင်းဆိုနေကြခြင်းဖြစ်သည်။ စာရေးသူယူဆသည်မှာ အဆိုပါ သန့်ရှင်းရေးလုပ်ရသော သူငယ်တော်တို့သည် ဘိုးတော်ဘုရားလက်ထက်တွင် အသစ်ထပ်မံဖွဲ့စည်းလိုက်သော သူငယ်တော်အစုဟုဆိုနိုင်သည်။

ရွှေတောင်မင်း အိမ်ရှေ့နှင်းစာတမ်းအရလည်း သူငယ်တော်တဘာသာ၊သူငယ်တော်မှူး သွေးသောက် ဟူသော သူငယ်တော်အမှုထမ်းများလည်း ရှိသကဲ့သို့ ရခိုင်ပါလူများဖြင့် ဖွဲ့စည်းထားသော သန့်ရှင်းရေးလုပ်ရသည့် သူငယ်တော်များလည်းရှိသည်ဟု မှတ်သားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့ တင်ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုး လိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြှင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အန္တရာယ်ဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၃၂၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကျောက်မြောင်း ဇူလိုင် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းသီးနှံ စုစုပေါင်း ၃၂၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် အစေ့ထုတ်ပြောင်း ၃၅၇၉ ဧကနှင့် ဖူးစားပြောင်း ၃၆၅၃ ဧက စုစုပေါင်း ၇၂၃၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၅၀၁ ဧကနှင့်ဖူးစားပြောင်း ၁၇၈၂ ဧက စုစုပေါင်း ၃၂၈၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်း မြို့နယ်ခွဲမှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း သီးနှံဧက ၇၀၀၀ ကျော် လျာထား စိုက်ပျိုးခဲ့ရာမှာ ဒီနေ့ထိဧက ၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး၊ ပိုးသတ်ဆေးကို စနစ်တကျသုံးစွဲတတ်စေရေး၊ အထွက်နှုန်းတိုးတက်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပြောင်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ဖလန်ကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဝမ်းတွင်း ဇူလိုင် ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖလန်ကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဖလန်ကျင်းကျေးရွာ တာဝန်ရှိသူများ၊ စီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်းနှင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၆၂ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဖလန်ကျင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို ရန်ပုံငွေကျပ် ၆၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အောင်ရဲကျော်

# ကချင်ပြည်နယ်သို့တစ်ခေါက်

- ဟိမဝန္တာ အရှေ့ဖျား
ကုန်းမြင့်မား တိဗက်အခြေ
ဆက်စပ်ရာမြေ၊
နှင်းဖုံးတဲ့ ရေခဲတွေ
ဘော်ငွေတောင် ပမာအလား၊
ကချင်မြေ တစ်ခေါက်သွား
ရှုမဝအား။

- ရေကြည်ရာ မြက်နုပေါ်
သာပြောတဲ့ တို့နယ်ပြည်
သွေးချင်းစုံစည်၊
ဂျိန်ဖော့နဲ့ မရူနောင်ညီ
ရဝမ်ညီလက်တွဲ
လရှီလဲပါစမြဲ၊
ရှမ်း ဗမာ လီဆူမခွဲ
အဇီးလက်တွဲ။

- မေခနှင့် မလိခ
မေတ္တာမျှပေါင်းဆုံရာ
တန်ဖဲခေါ်ရွာ၊
မြစ်ဆုံအလှ ရှုခင်းသာ
ကျောက်သေလာ ရေမှာထွေး၊
ရောင်စုံဖြာ အလှသွေး
ရေကြည်လွှာ စိမ့်စိမ့်အေး
မြစ်ရော ငြိမ့်ငြိမ့်ပြေး
ပေါ်ထွန်းရသေး။ ။

ကျော်စေဟန်

# ပဲခူးမြို့နယ် ပေါက်တောကျေးရွာ၌ ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ပဲခူး ဇူလိုင် ၂၂

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပေါက်တောကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့်ဝန်ထမ်းများက ပေါက်တောကျေးရွာ၌ ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါကျေးရွာတွင် လမ်းအရှည်ပေ ၅၃၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ဂဝံခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀ သန်းဖြင့် ဦးစီးဌာနမှ ဝန်ထမ်း များ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ပေါက်တောကျေးရွာ၌ အဆိုပါ ဂဝံခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်ထွက် ကုန်များကို အဆင်ပြေချောမွေ့စွာ သယ်ယူ ပို့ဆောင်နိုင်တော့မည် ဖြစ်ကြောင်း ပဲခူးမြို့နယ် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်း မင်းသိမ်းထံမှ သိရသည်။ သုတ

## နိုင်ငံတကာ သတင်းများ

# အီရန်စစ်ရေးပဋိပက္ခအတွက် အမေရိကန်နိုင်ငံသုံးစွဲခဲ့ရသည့် စစ်ရေးအသုံးစရိတ် ဒေါ်လာ ၃၇ ဘီလီယံကျော်ရှိလာ



**ဝါရှင်တန် ဇူလိုင် ၂၂**

အီရန် စစ်ရေးပဋိပက္ခအတွက် အမေရိကန်နိုင်ငံ သုံးစွဲခဲ့ရသော စစ်ရေးအသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၅ ဘီလီယံထိ ရှိလာပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး ဟက်ဂ်ဆက်က ဇူလိုင် ၂၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဇူလိုင် ၇ ရက်တွင် အီရန်နိုင်ငံကို ဗုံးကြဲတိုက်ခိုက်မှုများ ပြန်လည် စတင်ခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် လွှတ်တော်အမတ်များနှင့် တွေ့ဆုံစဉ် အီရန် စစ်ရေးပဋိပက္ခအတွက် သုံးစွဲခဲ့သော ငွေကြေးပမာဏကို ကာကွယ်ရေးဝန်ကြီး ဟက်ဂ်ဆက်က ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ စစ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၅ ဘီလီယံကျော်တွင် ယခုနှစ် စက်တင်ဘာ ၃၀ ရက်ထိ သုံးစွဲရမည့် အသုံးစရိတ်လည်း အကျုံးဝင်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးက လွှတ်တော်စစ်ဆေးကြားနာပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ပြီးခဲ့သည့်လအတွင်း အစိုးရအသုံးစရိတ်အဖြစ် အမေရိကန်ဒေါ်လာ ဘီလီယံ ၉၀ ထပ်ဆောင်းချထားပေးရန် ကွန်ဂရက်လွှတ်တော်ကို တောင်းဆိုထားသည်။

အဆိုပါ ထပ်ဆောင်းအသုံးစရိတ်အနက် အများစုမှာ အီရန်စစ်ရေးပဋိပက္ခနှင့် ဆက်စပ်နေသည်ဖြစ်ရာ ထိုစစ်ရေးပဋိပက္ခအတွက် မကျေမလည်ဖြစ်နေသည့် လွှတ်တော်အမတ်များနှင့် ထပ်မံအငြင်းပွားမှုများ ရှိလာနိုင်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ရုရှားနိုင်ငံ၏ ယူကရိန်းပဋိပက္ခကို မြောက်ကိုရီးယား ထပ်လောင်းထောက်ခံ

**မော်စကို ဇူလိုင် ၂၂**

ရုရှားနိုင်ငံက ဆင်နွှဲနေသော ယူကရိန်းပဋိပက္ခကို ထောက်ခံအားပေးကြောင်း မြောက်ကိုရီးယားနိုင်ငံက ထပ်လောင်းထောက်ခံခဲ့သည်ဟု ဇူလိုင် ၂၁ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံ မော်စကိုမြို့၌ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့် ဇူလိုင် ၂၁ ရက်က တွေ့ဆုံဆွေးနွေးစဉ် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ချိုဆွန်ဟွီးက ထိုသို့ထပ်လောင်းအတည်ပြုခဲ့ခြင်းဖြစ်သည်။

ချိုဆွန်ဟွီး၏ လက်ရှိ ရုရှားခရီးစဉ်ကြောင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အနေဖြင့် မော်စကိုမြို့သို့ မကြာမီကာလအတွင်း လာရောက်နိုင်သည်ဟူသော ပြောဆိုမှုများလည်း အားကောင်းလာခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ယူကရိန်းပဋိပက္ခ စတင်ခဲ့ပြီးနောက်ပိုင်း ရုရှားနှင့် မြောက်ကိုရီးယားနိုင်ငံတို့ကြား စစ်ရေး၊ နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုများ မြင့်တက်လာခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် ရုရှားအနောက်ပိုင်း ခုံ့ချ်ဒေသအတွင်းသို့ ယူကရိန်းတပ်များ ကျူးကျော်ဝင်ရောက်ခဲ့စဉ် ရုရှားတပ်များကို ကူညီရေးအတွက် မြောက်ကိုရီးယား တပ်ဖွဲ့ဝင်ဦးရေ ၁၄၀၀၀ ခန့် ပို့လွှတ်ပေးခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း ရုရှားနိုင်ငံသို့ နောက်ဆုံးတစ်ကြိမ် သွားရောက်ခဲ့ဖူးကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဟော်မုဇ်ရေလက်ကြားဖြတ်သင်္ဘောအရေအတွက် ဆက်လက်ကျဆင်း

**ဒူဘိုင်း ဇူလိုင် ၂၂**

မဟာဗျူဟာမြောက် ဟော်မုဇ်ရေလက်ကြား တစ်လျှောက် သင်္ဘောများ ဖြတ်သန်းမှုသည် ဇူလိုင် ၂၁ ရက်တွင် အရေအတွက်အားဖြင့် ဆက်လက်ကျဆင်းခဲ့ကြောင်း ရေကြောင်းသွားလာရေး သတင်း အချက်အလက်များအရ သိရသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဇူလိုင် ၂၁ ရက်တွင် ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းခဲ့သည့် သင်္ဘောသုံးစီးသာ ရှိခဲ့ကြောင်း၊ ဇူလိုင် ၂၀ ရက်နှင့်နှိုင်းယှဉ်ပါက တစ်စီး လျော့နည်းသွားကြောင်း သိရသည်။

ဇူလိုင် ၂၁ ရက်တွင် ဟော်မုဇ်ရေလက်ကြားကို အဝင်အထွက် ပြုလုပ်ခဲ့ကြသော သင်္ဘောများထဲတွင် အကြီးစား ရေနံတင်သင်္ဘောများနှင့် သဘာဝဓာတ်ငွေ့ရည်တင်သင်္ဘောများ ပါဝင်မှုမရှိခဲ့ကြောင်း သင်္ဘောခရီးစဉ် စောင့်ကြည့်ရေးဝက်ဘ်ဆိုက်များ၌ ဖော်ပြထားသည်။

ဇူလိုင် ၂၁ ရက် ညပိုင်းတွင် အမေရိကန် တပ်မတော်က အီရန်စစ်ရေးပစ်မှတ်များကို ၁၁ ရက်မြောက်နေ့အဖြစ် ဆက်လက် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဟော်မုဇ် ရေလက်ကြားသည် အီရန်စစ်ရေးပဋိပက္ခ မစတင်မီကာလက ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ၂၀ ရာခိုင်နှုန်း နေ့စဉ်ပုံမှန်ဖြတ်သန်းနေသော ရေလက်ကြားဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဟစ်တလာမွေးဖွားခဲ့ရာ နေအိမ်ကို ရဲစခန်းအဖြစ် ဩစတြီးယားဖွင့်လှစ်မည်

**ဗီယင်နာ ဇူလိုင် ၂၂**

နာဇီဂျာမနီ ခေါင်းဆောင် ဟစ်တလာမွေးဖွားခဲ့ရာ နေအိမ်ကို ယနေ့မှစ၍ ရဲစခန်းသစ်အဖြစ် ပြောင်းလဲဖွင့်လှစ်ရန် ဩစတြီးယားအစိုးရက စီစဉ်ထားကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

အစွန်းရောက် လက်ယာစွန်းဝါဒီများက ဟစ်တလာမွေးဖွားခဲ့ရာနေအိမ်ကို အထိမ်းအမှတ်နေရာတစ်ခုအဖြစ် သတ်မှတ်မည့်အရေးကို တားဆီးရန်အတွက် အဆိုပါနေအိမ်ကို ရဲစခန်းအဖြစ်ပြောင်းလဲဖွင့်လှစ်ရန် ဩစတြီးယားအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

ဩစတြီးယားနိုင်ငံ ဘရူနော အမ်အင်းမြို့၌တည်ရှိသော အဆိုပါနေအိမ်ကို ယူရိုငွေသန်း ၂၀ အသုံးပြု၍ ပြန်လည်ပြုပြင်ပြီးနောက် ရဲစခန်းအဖြစ် ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ကြောင်း ဩစတြီးယားအစိုးရက ထုတ်ဖော်ပြောကြားထားသည်။

နာဇီဂျာမနီ ခေါင်းဆောင် ဟစ်တလာသည် ၁၇ ရာစုခေတ်တွင် တည်ဆောက်ခဲ့သော အဆိုပါနေအိမ်၌ ၁၈၈၉ ခုနှစ် ဧပြီ ၂၀ ရက်တွင် မွေးဖွားခဲ့သူဖြစ်သည်။

ဩစတြီးယားနိုင်ငံ၌ လက်ယာစွန်း နိုင်ငံရေးပါတီဖြစ်သည့် အက်ဖ်ပိုးပါတီ အားကောင်းလာချိန်တွင် ဟစ်တလာမွေးဖွားခဲ့ရာနေအိမ်ကို ရဲစခန်းအဖြစ်ပြောင်းလဲဖွင့်လှစ်ရန် ဩစတြီးယားအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

လူထု စစ်တမ်းကောက်ခံချက်ရလဒ်များအရ အက်ဖ်ပိုးပါတီကို ဩစတြီးယားပြည်သူ ၃၇ ရာခိုင်နှုန်းခန့်က ထောက်ခံကြောင်း သိရသည်။

Ref : RT

Trs : KKO



# အစ္စရေးတပ်များရုပ်သိမ်းပြီးနောက် တောင်ပိုင်းဒေသမြို့တစ်မြို့အတွင်း လက်ဘနွန်တပ်များ ပြန်လည်ဝင်ရောက်

**ဂျေရုဆလင် ဇူလိုင် ၂၂**

အစ္စရေးတပ်များ ရုပ်သိမ်းပေးခဲ့ပြီးနောက် လက်ဘနွန်တောင်ပိုင်း ဇော်တာအယ်လ်ဂါဘီယာမြို့အတွင်းသို့ လက်ဘနွန်ကြည်းတပ်မှ တပ်ဖွဲ့ဝင်များ ပြန်လည်ဝင်ရောက်လာကြောင်း ဇူလိုင် ၂၁ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



အမေရိကန်နိုင်ငံ ကြားဝင်ညှိနှိုင်းမှုဖြင့် လက်ဘနွန်နှင့် ရယူထားသည့် သဘောတူညီချက်အရ ဇော်တာအယ်လ်ဂါဘီယာမြို့မှ အစ္စရေးတပ်များ ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ သဘောတူညီချက်အရ အစ္စရေးတပ်များက လက်ဘနွန်တောင်ပိုင်းမှ အဆင့်ဆင့်ပြန်လည်ရုပ်သိမ်းမည်ဖြစ်ပြီး လက်ဘနွန်တပ်များက လက်ဘနွန်တောင်ပိုင်းရှိ ဟစ်ဇ်ဘိုလာတပ်များကို လက်နက်ဖြုတ်သိမ်းပေးရမည်ဖြစ်သည်။

အဆိုပါ သဘောတူညီချက်အရ ဇော်တာ အယ်လ်ဂါဘီယာမြို့မှ အစ္စရေးတပ်များ ပြန်လည်ရုပ်သိမ်းမှုကို အစ္စရေးတပ်မတော်ကလည်း အတည်ပြုထားသည်။

သို့ရာတွင် ဇော်တာအယ်လ်ဂါဘီယာမြို့အတွင်း၌ လက်ဘနွန်တပ်များဖြန့်ကြက်နေစဉ် အစ္စရေးတပ်များက သတိပေးပစ်ခတ်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ဇော်တာအယ်လ်ဂါဘီယာမြို့ အနီးရှိ လုံခြုံရေးဇုန်စည်းကို လက်ဘနွန်တပ်များ ချိုးဖောက်ဝင်ရောက်လာမှုကြောင့် သတိပေးသေနတ်ပစ်ဖောက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## စပေ့အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တု ၂၄ စင်းကို ဇူလိုင် ၂၁ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့



**ဝါရှင်တန် ဇူလိုင် ၂၂**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တု ၂၄ စင်းကို ဇူလိုင် ၂၁ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် အဆိုပါ စတားလင့်ခ်ဂြိုဟ်တု ၂၄ စင်းကို ကယ်လီဖိုးနီးယား ပြည်နယ် ဗင်ဒန်ဘာ့ဂ်လေတပ်စခန်းမှတစ်ဆင့် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် အဆိုပါစတားလင့်ခ်ဂြိုဟ်တု ၂၄ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၁ ရက် မစ်ရှင်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့ရေယာဉ်ပေါ်သို့ ၂၃ ကြိမ်မြောက်အဖြစ် အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် စပေ့အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သော ၈၅ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ၂၀၂၉ ခုနှစ်တွင် ကမ္ဘာဂြိုဟ်အနီး ဖြတ်ကျော်ပျံသန်းမည့် အပိုးဖစ်ဂြိုဟ်သိမ်ကို ကမ္ဘာ့ပြည်သူ ၇ ဒသမ ၆ ဘီလီယံတို့ တွေ့မြင်နိုင်မည်ဖြစ်

**ဝါရှင်တန် ဇူလိုင် ၂၂**

၂၀၂၉ ခုနှစ်တွင် ကမ္ဘာဂြိုဟ်အနီး ဖြတ်ကျော်ပျံသန်းမည့် အပိုးဖစ်အမည်ရှိ ဂြိုဟ်သိမ်ကို ကမ္ဘာ့ပြည်သူ ၇ ဒသမ ၆ ဘီလီယံတို့ တွေ့မြင်နိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၂၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အပိုးဖစ်ဂြိုဟ်သိမ်သည် ၂၀၂၉ ခုနှစ် ဧပြီ ၁၃ ရက်တွင် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၂၀၀၀၀ အကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။



ထိုသို့ အနီးကပ်ဖြတ်ကျော်ပျံသန်းချိန်တွင် အပိုးဖစ်ဂြိုဟ်သိမ်နှင့် ကမ္ဘာဂြိုဟ်တို့ကြားအကွာအဝေးမှာ Geosynchronous Orbit ခေါ် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော်တွင် နေရာယူထားသည့် ဂြိုဟ်တုများထက်ပင် ပိုနီးကပ်မည်ဖြစ်သည်။

အမေရိကန်သိပ္ပံပညာရှင်များ၏အဆိုအရ အပိုးဖစ်ဂြိုဟ်သိမ်ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းချိန်တွင် ၎င်းဂြိုဟ်သိမ်ကို ကမ္ဘာ့ပြည်သူ ၇ ဒသမ ၆ ဘီလီယံတို့တွေ့မြင်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

အပိုးဖစ်ကဲ့သို့ အရွယ်အစားကြီးမားသော ဂြိုဟ်သိမ်တစ်စင်းကမ္ဘာကို အနီးကပ်ဖြတ်ကျော်ပျံသန်းမှုသည် နှစ်ပေါင်း ၅၀၀၀ နှင့် ၁၀၀၀၀ ကြားတွင် တစ်ကြိမ်မျှသာ ကြုံတွေ့ရမည့်ဖြစ်စဉ်မျိုးဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သိပ္ပံပညာရှင်များ၏ အဆိုအရ အပိုးဖစ်ဂြိုဟ်သိမ်ကို ဩစတြေးလျ၊ အာရှ၊ အာဖရိက၊ ဥရောပနှင့် အမေရိကအရှေ့တောင်ပိုင်းတို့ရှိ ပြည်သူများက ခုနစ်နာရီကြာမျှ တွေ့မြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့က AIနည်းပညာဖြင့်လည်ပတ်မည့် မိုးလေဝသကပ်ဘေး ကြိုတင်ခန့်မှန်းရေးနှင့် ကြိုတင်သတိပေးစနစ်တစ်ခုတည်ဆောက်ရန် စီစဉ်ထား

**ပေကျင်း ဇူလိုင် ၂၂**

တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် လူ့ဉာဏ်ရည်တုနည်းပညာ(AI)ဖြင့် လည်ပတ်မည့် မိုးလေဝသကပ်ဘေးကြိုတင်ခန့်မှန်းရေးနှင့် ကြိုတင်သတိပေးစနစ်တစ်ခုတည်ဆောက်ရန် စီစဉ်ထားကြောင်း ဇူလိုင် ၂၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ မိုးလေဝသကပ်ဘေးကြိုတင်ကာကွယ်ရေးစနစ်သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံစီမံကိန်းများအပါအဝင် နယ်စပ်ဖြတ်ကျော် စီမံကိန်းများအတွက် မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များကို ပံ့ပိုးပေးမည်ဖြစ်သည်။

AI နည်းပညာသုံး မိုးလေဝသကပ်ဘေးကြိုတင်ခန့်မှန်းရေးစနစ်ပူးတွဲတည်ဆောက်ရေးအစီအစဉ်ကို တရုတ်နှင့် ထိုင်းနိုင်ငံတို့က ၂၀၂၆ ခုနှစ် ကမ္ဘာ့ AI ကွန်ဖရင့်၌ ကြေညာခဲ့ခြင်းဖြစ်သည်။

အဆိုပါ တရုတ်နှင့်ထိုင်းနိုင်ငံတို့ပူးတွဲAIနည်းပညာသုံးမိုးလေဝသကပ်ဘေးခန့်မှန်းရေးဓာတ်ခွဲခန်းသည် တိုင်ဖွန်းမုန်တိုင်းများ၊ မိုးကြီးမှုများ၊ အပူချိန်မြင့်မားမှုများနှင့် မိုးခေါင်မှုများကို ခန့်မှန်းနိုင်သည့် AI စနစ်များကိုဖန်တီးမည်ဖြစ်သည်။

တရုတ်နှင့်ထိုင်းနိုင်ငံတို့၏ AI နည်းပညာသုံး ပူးတွဲဓာတ်ခွဲခန်းစီမံကိန်းကို တရုတ်နိုင်ငံ၏ MAZU AI နည်းပညာသုံးမိုးလေဝသကြိုတင်သတိပေးစနစ်ကို အခြေခံတည်ဆောက်မည်ဖြစ်ကြောင်း၊ တရုတ်နှင့် ထိုင်း နှစ်နိုင်ငံပူးတွဲ AI နည်းပညာသုံးမိုးလေဝသကြိုတင်ခန့်မှန်းရေးဓာတ်ခွဲခန်းကို သိပ္ပံပညာရှင် ဦးရေ ၄၀ တို့ဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## မက်ဖော်မင်ဆေးက အဆစ်အမျက်ရောင်ရမ်းမှုရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်

**ပေကျင်း ဇူလိုင် ၂၂**

ဆီးချိုရောဂါအတွက် အသုံးပြုသည့် မက်ဖော်မင်(Metformin) ဆေးသည် အဆစ်အမျက်ရောင်ရမ်းမှုရောဂါ(Arthritis)ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၂၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တရုတ်နိုင်ငံ ဆွန်ယက်ဆင်တက္ကသိုလ်မှသုတေသနပညာရှင်များသည် ဆီးချိုရောဂါအတွက် ၁၉၅၀ ပြည့်နှစ်ကပင် အသုံးပြုခဲ့သည့် မက်ဖော်မင်ဆေးများအနေဖြင့် အဆစ်အမျက်ရောင်ရမ်းမှုရောဂါအပေါ် အကျိုးသက်ရောက်မှုရှိ၊ မရှိကို လေ့လာမှုများပြုလုပ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ မက်ဖော်မင်ဆေးသည် ဒူးခေါင်းအရိုးအဆစ်ရောင်ရမ်းမှုရောဂါနှင့် တင်ပဆုံရိုးအဆစ်အမျက်ရောင်ရမ်းမှုရောဂါဖြစ်နိုင်ခြေကို ၂၄ ရာခိုင်နှုန်းလျှော့ချပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ မက်ဖော်မင်ဆေးသည် အရိုးဆက်များရောင်ရမ်းမှုကိုလျှော့ချပေးနိုင်ပြီး အရိုးဆက်များကြားရှိ အရိုးနုများပျက်စီးမှုကို ကာကွယ်ပေးသည့်အင်ဇိုင်းများထွက်ပေါ်မှုကိုလည်း အားပေးလှုံ့ဆော်ပေးနိုင်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## အရှေ့အာဖရိကဒေသမှ ပြည်သူများစားသည့် ဓာတ်စာတစ်မျိုးကိုစားသုံးပါက အဝလွန်မှုနှင့် ဆက်စပ်သည့်ရောဂါများကို တားဆီးကာကွယ်နိုင်

**အမ်စတာဒမ် ဇူလိုင် ၂၂**

အရှေ့အာဖရိကဒေသမှ ပြည်သူများစားသည့် အစဉ်အလာ ဓာတ်စာတစ်မျိုးကို စားသုံးပါက အဝလွန်မှုနှင့် ဆက်စပ်သည့် ရောဂါများကို တားဆီးကာကွယ်နိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ သုတေသနပညာရှင်များက ဇူလိုင် ၂၁ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

တန်ဇန်းနီးယားနိုင်ငံမှ လူမျိုးစုများစားသုံးသည့် ကီလီမန်ဂျာရို (Kilimanjaro)ခေါ် ဓာတ်စာပုံစံတစ်မျိုးသည် နှလုံးရောဂါအပါအဝင် အဝလွန်မှုနှင့်ဆက်စပ်နေသောရောဂါများ ဖြစ်ပွားနိုင်ခြေကို ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

ကီလီမန်ဂျာရိုဓာတ်စာသည် ကောက်ပဲသီးနှံ၊ ပဲ၊ အချဉ်ဖောက်အစားအစာ၊ ရုံးပတီသီးနှင့် ငှက်ပျောသီး စသည်တို့ပါဝင်သော ဓာတ်စာပုံစံတစ်မျိုးဖြစ်ကြောင်း သိရသည်။

နယ်သာလန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကီလီမန်ဂျာရိုဓာတ်စာကို စားသုံးသည့်အာဖရိကမျိုးနွယ်စုများကြားတွင် ဆီးချိုရောဂါနှင့်နှလုံးရောဂါကဲ့သို့ အဝလွန်မှုနှင့်ဆက်စပ်နေသောရောဂါများ ဖြစ်ပွားနှုန်းမှာ ပုံမှန်ထက် နည်းပါးကြောင်း သိရသည်။

နယ်သာလန်သုတေသနပညာရှင်များဦးဆောင်သော နိုင်ငံတကာသုတေသန ပညာရှင်များသည် တန်ဇန်းနီးယားနိုင်ငံသား အမျိုးသား ၇၇ ဦးတို့ကို အုပ်စုနှစ်စုခွဲ၍ တစ်စုကို ကီလီမန်ဂျာရိုဓာတ်စာပုံမှန်ကျွေးမွေး၍ တစ်စုကို အနောက်နိုင်ငံများမှ ဓာတ်စာပုံစံများကို ကျွေးမွေး၍ စောင့်ကြည့်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



နိုင်ငံတကာ
**အားကစားသတင်းများ**

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ဇူလိုင်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အပြောင်းအလဲရှိခဲ့ပြီး စပိန်အသင်း ကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်



မက်ဒရစ် ဇူလိုင် ၂၂

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ ဇူလိုင်လအတွက် အမျိုးသားလက်ရွေးစင်အသင်းများ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက် ထုတ်ပြန်ခဲ့ရာ ကမ္ဘာ့အဆင့်(၁)မှ (၁၀)နေရာများတွင် အဆင့်ရပ်တည်မှုအပြောင်းအလဲများရှိခဲ့ပြီး ၂၀၂၆ ကမ္ဘာ့ဖလားချန်ပီယံ စပိန်အသင်းက အဆင့်(၁)နေရာ၌ ရပ်တည်ခဲ့ကြောင်း FIFA.Com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အစောပိုင်းက ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အာဂျင်တီးနားအသင်းက အဆင့်(၁)နေရာတွင် ရပ်တည်နေပြီး စပိန်အသင်းက အဆင့်(၂)နေရာတွင် ရပ်တည်ခဲ့ကြသော်လည်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အသင်းက ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့ပြီးနောက် ကမ္ဘာ့အဆင့်(၁) နေရာသို့ တက်ရောက်ခဲ့ပြီး အာဂျင်တီးနားအသင်းက အဆင့်(၂)နေရာသို့ ကျဆင်းခဲ့သည်။

ကမ္ဘာ့အဆင့်(၁)မှ (၁၀)နေရာများတွင် ပြင်သစ်အသင်းက အဆင့်(၃)နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သကဲ့သို့ အင်္ဂလန်အသင်းကလည်း အဆင့်(၄)နေရာတွင် ဆက်လက်ရပ်တည်ခဲ့ကာ ဘရာဇီးအသင်းက တစ်ဆင့်မြင့်တက်ခဲ့ပြီး အဆင့်(၅)၊ မော်ရိုကိုအသင်းက တစ်ဆင့်မြင့်တက်ခဲ့ကာ အဆင့်(၆)နေရာသို့ ရောက်ရှိလာခဲ့သည်။

ဆက်လက်ပြီး ပေါ်တူဂီအသင်းက တစ်ဆင့်ကျဆင်းခဲ့ပြီး အဆင့်(၇)၊ ဘယ်လ်ဂျီယံအသင်းက တစ်ဆင့်မြင့်တက်ခဲ့ပြီး အဆင့်(၈)၊ နယ်သာလန်အသင်းက တစ်ဆင့်ကျဆင်းခဲ့ကာ အဆင့်(၉)၊ မက္ကဆီကိုအသင်းက တစ်ဆင့်မြင့်တက်လာခဲ့ပြီး အဆင့်(၁၀)နေရာအတွင်း အသီးသီးရပ်တည်ခဲ့ကြောင်း သိရသည်။

Ref : FIFA.Com
Trs : STA

# ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် ချာဗက်စ်က ဂါစီယာနှင့် ထိုးသတ်မည်

နယူးဂျာစီ ဇူလိုင် ၂၂

WBO Latino လိုက်ဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အာဂျင်တီးနား လက်ဝှေ့သမား ချာဗက်စ်က စိန်ခေါ်သူ ဒိုမီနီကန်လက်ဝှေ့သမား ဂါစီယာနှင့် လာမည့် စက်တင်ဘာ ၄ ရက်တွင် အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် နီဝက်ခ်မြို့၌ ထိုးသတ်မည်ဖြစ်ကြောင်း WBO အဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်ဟု Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၂ နှစ်ရှိ ဂါစီယာအတွက် ကစားသမားဘဝ သက်တမ်းတစ်လျှောက် WBO Latino လိုက်ဝိတ်တန်း ချန်ပီယံခါးပတ်အတွက် ပထမဆုံးအကြိမ် ထိုးသတ်မည်ဖြစ်ပြီး အသက် ၂၅ နှစ်ရှိ ချာဗက်စ်အတွက် လက်ရှိချန်ပီယံခါးပတ်ကို ခုနစ်ကြိမ်မြောက် ကာကွယ်ထိုးသတ်မည့်ပွဲစဉ်ဖြစ်သည်။

ချာဗက်စ်က "ပြိုင်ဘက်တော်တော်များများက ဂါစီယာကို စိန်ခေါ်ခဲ့ကြပါတယ်။ သူကလက်မခံခဲ့ဘူး။ ကျွန်တော့်ရဲ့ စိန်ခေါ်မှုကိုတော့ သူလက်ခံခဲ့ပါတယ်။ အဲ့ဒီအတွက် ဂုဏ်ယူပါတယ်။ သူ့အနေနဲ့ WBO Latino လိုက်ဝိတ်တန်း ချန်ပီယံမဖြစ်ဖူးပေမဲ့လဲ တခြားအဖွဲ့ချုပ်တွေမှာ ချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ဖူးသူဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Boxing Scene
Trs : AZL

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ဇူလိုင်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာအသင်း ကမ္ဘာ့အဆင့်(၁၅၈)နေရာတွင် ရပ်တည်



ရန်ကုန် ဇူလိုင် ၂၂

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ဇူလိုင်လအတွက် အမျိုးသားလက်ရွေးစင်အသင်းများ၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက်များကို ထုတ်ပြန်ခဲ့ရာ မြန်မာအသင်းအနေဖြင့် ကမ္ဘာ့အဆင့်(၁၅၈)နေရာတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

ဇူလိုင်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အာဆီယံဒေသတွင်းနိုင်ငံများအနက် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြု နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ဇူလိုင် ၁၈ ရက်က ကစားခဲ့ရာ ဗီယက်နမ်အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်အတွက် ၁ ဒသမ ၅၂ မှတ် မြင့်တက်ခဲ့ပြီး မြန်မာအသင်းက ၁ ဒသမ ၅၂ မှတ်လျော့နည်းခဲ့ကာ ရမှတ်အပြောင်းအလဲဖြစ်ပေါ်ခဲ့သည်။

ဇူလိုင်လအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်မှ အာဆီယံဒေသတွင်း နိုင်ငံများတွင် ထိုင်းအသင်းက ကမ္ဘာ့အဆင့်(၉၄)ဖြင့် အာဆီယံအဆင့်(၁)၊ ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့်(၉၉)ဖြင့် အာဆီယံအဆင့်(၂)၊ အင်ဒိုနီးရှားအသင်းက ကမ္ဘာ့အဆင့်(၁၁၈)ဖြင့် အာဆီယံအဆင့်(၃)၊ ဖိလစ်ပိုင်အသင်းက ကမ္ဘာ့အဆင့်(၁၃၅)ဖြင့် အာဆီယံအဆင့်(၄)၊ မလေးရှားအသင်းက ကမ္ဘာ့အဆင့်(၁၃၆)ဖြင့် အာဆီယံအဆင့်(၅)၊ စင်ကာပူအသင်းက ကမ္ဘာ့အဆင့်(၁၄၈)ဖြင့် အာဆီယံအဆင့်(၆)၊ မြန်မာအသင်းက ကမ္ဘာ့အဆင့်(၁၅၈)ဖြင့် အာဆီယံအဆင့်(၇)၊ ကမ္ဘောဒီးယားအသင်းက ကမ္ဘာ့အဆင့်(၁၇၅)ဖြင့် အာဆီယံအဆင့်(၈)၊ လာအိုအသင်းက ကမ္ဘာ့အဆင့်(၁၈၅)ဖြင့် အာဆီယံအဆင့်(၉)၊ ဘရူနိုင်းအသင်းက ကမ္ဘာ့အဆင့်(၁၉၄)ဖြင့် အာဆီယံအဆင့်(၁၀)၊ တီမောလက်စ်တေအသင်းက ကမ္ဘာ့အဆင့်(၂၀၁)ဖြင့် အာဆီယံအဆင့်(၁၁)နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)တွင် ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် ဇူလိုင် ၂၂

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်အဖြစ် ယနေ့ ညနေပိုင်းက ရန်ကုန်မြို့နှင့် တောင်ကြီးမြို့တို့တွင်ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၆)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် Young Lionesses အသင်းတို့ ကစားခဲ့ရာ သစ္စာအားမာန်အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး သစ္စာအားမာန် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၅ မိနစ်နှင့် မိနစ် ၄၀ တို့တွင် မြတ်နိုးခင်၊ ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပိုသုံးမိနစ်တွင် ဝင်းဝင်း၊ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုနှစ်မိနစ်တွင် ဝေဖူးအိန်တို့က သွင်းယူခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဇွဲကပင်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၂ မိနစ်တွင် နန်းဖြူဖြူသွယ်၊ ပွဲချိန် ၅၂ မိနစ်တွင် သော်တာနှင်း၊ ပွဲချိန် ၆၅ မိနစ်တွင် စန္ဒာအောင်တို့က သွင်းယူခဲ့ကာ ဇွဲကပင်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၁၅ မိနစ်တွင် အိုဖိုရီက သွင်းယူခဲ့ကြောင်း သိရသည်။

STA

# ၁၁ ကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကို လာမည့် ဩဂုတ် ၉ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်




ရန်ကုန် ဇူလိုင် ၂၂

Myanmar Martial Arts Group(MMAG)က ကြီးမှူးကျင်းပမည့် ၁၁ ကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကို လာမည့် ဩဂုတ် ၉ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ သိမ်ဖြူရိုးရာလက်ဝှေ့ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

၁၁ ကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲတွင် စုစုပေါင်း တွဲဆိုင်းခြောက်ဆိုင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ၅၃ ကီလိုတန်း လေးချီပွဲစဉ်အဖြစ် ဒေါင်းမိုက်သွေး (Nine Lethwei)နှင့် စောရှူဘီ(YMA)၊ ၆၅ ကီလိုတန်း လေးချီပွဲစဉ်အဖြစ် ကရင်အောင်လံဆုရ အောင်ကိုလတ်(Ray)နှင့် စောထိန်လင်း (555 Sports)၊ ၅၆ ကီလိုတန်း ငါးချီပွဲစဉ်အဖြစ် လက်ရှိပြိုင်ပွဲတွင် ရွှေခါးပတ်ဆုရှင် ဆလိုင်းထန်ခွီးရှိန်(ကျားမနိုင်)နှင့် Sky Net ရွှေအောင်လံ ဒုတိယဆုရ ဟိန်းထွန်းအောင် (ခေးယူဝါး)တို့ ထိုးသတ်မည်ဖြစ်သည်။

ဆက်လက်ပြီး ကီလို ၆၀ တန်း ငါးချီပွဲစဉ်အဖြစ် လက်ရှိရွှေခါးပတ်ဆုရှင် အဲမွီ(အဲကညော)နှင့် Sky Net ရွှေအောင်လံ ပထမဆုရ သန့်ဇင် (ပိုင်သွန်တော်ဝင်ရော)၊ ဒုတိယခေါင်တွဲဆိုင်းအဖြစ် ၆၇ ကီလိုတန်းငါးချီပွဲစဉ် လက်ရှိရွှေခါးပတ်ဆုရှင် နိုင်ဝင်းထွန်း (Nine Lethwei)နှင့် ကရင်အောင်လံဆုရ ကမ္ဘာရှား(ဇာထက်မိတ္ထီလာ)တို့ ထိုးသတ်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ ပထမခေါင်တွဲဆိုင်း ၇၅ ကီလိုတန်း ငါးချီပွဲစဉ်အဖြစ် ထွန်းမင်းအောင်(Top One)နှင့် ဆီးဂိမ်းပြိုင်ပွဲ ကြေးတံဆိပ်၊ လက်ရှိရွှေခါးပတ်ဆုရှင် ရွှေရာမာန် (ရိုးရာစွမ်းအား)တို့ ထိုးသတ်မည်ဖြစ်ပြီး ရှုံဝင်ကြေးများအဖြစ် ငွေကျပ် ၁၅၀၀၀၊ ၃၀၀၀၀၊ ၅၀၀၀၀၊ ၁၀၀၀၀၀ စသည်ဖြင့် အသီးသီး သတ်မှတ်ထားကြောင်း သိရသည်။

STA

# အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေသဖြင့် ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေသတ်မှတ်



**နယူးဒေလီ ဇူလိုင် ၂၂**

အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသဖြင့် ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေ သတ်မှတ်ကြောင်း အိန္ဒိယ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုနှင့် ရင်ဆိုင်နေရသည့် လူဦးရေမှာလည်း ငါးသိန်းကျော်ထိရှိနေပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် လူဦးရေ သိန်းနှင့်ချီ၍ ရှိနေကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် ခရိုင်ပေါင်း ၁၆ ခရိုင်ထိ ရှိနေပြီး ပြည်နယ်အဆင့်အရေးပေါ် အခြေအနေကြေညာလိုက်သည့် အတွက်ကြောင့်လည်း ပြည်နယ်တစ်ပြည်နယ်လုံးတွင်ရှိသည့် ကယ်ဆယ်ရေးဝန်ထမ်းများက ခရိုင်ပေါင်း ၁၆ ခရိုင်ကို ဖြန့်ခွဲ၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း၊ ရေဘေးဒဏ်သင့်ခရိုင်များသို့ အာသံပြည်နယ်ဝန်ကြီးချုပ် ဟိုင်မန်တာ ဦးဆောင်သော အဖွဲ့က ရေဘေးဒဏ်သင့်ပြည်သူများကို သွားရောက် တွေ့ဆုံခဲ့ကြောင်း အာသံပြည်နယ် ဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ထားသည်။

"မိုးသည်းထန်စွာရွာသွန်းပြီးတော့ ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုစတဲ့ သဘာဝဘေးအန္တရာယ်နဲ့ ကျွန်တော်တို့ပြည်သူတွေ ရင်ဆိုင်နေရပါတယ်။ သေဆုံးသူ ၂၁ ဦးရှိခဲ့ပြီးတော့ ထိခိုက်ဒဏ်ရာရရှိသူတွေလဲရှိနေပါတယ်။ ရေဘေးအန္တရာယ်နဲ့ရင်ဆိုင်နေရတဲ့ ပြည်သူငါးသိန်းကျော်ထိရှိနေပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရသူလဲ သိန်းနဲ့ချီပြီးရှိနေပါတယ်။ ပြည်သူတွေတော်တော်လေးအခက်တွေ့နေပါတယ်။ သဘာဝဘေးအန္တရာယ်အရေးပေါ်အခြေအနေ သတ်မှတ်လိုက်ပါတယ်" ဟု အာသံပြည်နယ်ဝန်ကြီးချုပ် ဟိုင်မန်တာက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# တရုတ်နိုင်ငံတွင် မိုးသည်းထန်စွာရွာနေသဖြင့် အဝါရောင်သတိပေးချက် ထပ်မံထုတ်ပြန်

**ပေကျင်း ဇူလိုင် ၂၂**

တရုတ်နိုင်ငံ အမျိုးသား မိုးလေဝသဌာနသည် တရုတ်နိုင်ငံ ဒေသအများအပြားတွင် မိုးသည်းထန်စွာရွာနေသဖြင့် မိုးရွာသွန်းမှုဆိုင်ရာ အဝါရောင်သတိပေးချက် ထပ်မံထုတ်ပြန်ခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

မိုးလေဝသခန့်မှန်းချက်အရ ယနေ့မှစ၍ မွန်ဂိုးလီးယား အတွင်းပိုင်း၊ ဟီဘေး၊ ပေကျင်း၊ ထျန်းကျင်း၊ ရှန်ရှီး၊ ရှန်စီ၊ ဟီနန်၊ အန်ဟွေး၊ ကျန်းစု၊ ရှန်ဟိုင်း၊ ကျဲ့ကျန်း၊ ကျန်းရှီး၊ ဟူဘေး၊ ဟူနန်၊ ကွမ်စီ၊ ကွမ်တုန်း၊ ယူနန်နှင့် ရှင်ကျန်းဒေသတို့တွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း သိရသည်။

အထူးသဖြင့် ကျန်းစု၊ အန်ဟွေး၊ ဟူဘေး၊ ဟူနန်၊ ကွမ်စီနှင့် ကွမ်တုန်းဒေသတချို့တွင် မိုးရေချိန် မီလီမီတာ ၁၀၀ မှ ၂၀၀ ထိ ရွာသွန်းနိုင်ကြောင်း၊ ထို့ပြင် အချို့ဒေသများတွင် မိုးကြိုးမုန်တိုင်း၊ လေပြင်းတိုက်ခတ်မှုနှင့် မိုးသီးကြွေခြင်းကဲ့သို့ ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များလည်း ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသဌာနက သတိပေးထားကြောင်း သိရသည်။

အစိုးရက ဒေသန္တရအာဏာပိုင်များကို ရေကြီးရေလျှံမှုအန္တရာယ် ကြိုတင်ကာကွယ်ရန် လိုအပ်သည့် အစီအမံများ ဆောင်ရွက်ရန်၊ မိုးသည်းထန်သည့် ဒေသများတွင် လိုအပ်သည့် ထိန်းချုပ်မှုများပြုလုပ်ရန်နှင့် ရေကြီးနေသောလမ်းများတွင် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေး စနစ်တကျ လမ်းညွှန်ဆောင်ရွက်ရန် တိုက်တွန်းထားကြောင်း သိရသည်။

တရုတ်နိုင်ငံ မိုးလေဝသသတိပေးစနစ်၏ မိုးရွာသွန်းမှုဆိုင်ရာ သတိပေးချက်တွင် အနီ၊ လိမ္မော်၊ အဝါနှင့် အပြာဟူသော အဆင့်လေးဆင့်သတ်မှတ်ထားပြီး အနီရောင်သည် အမြင့်ဆုံး သတိပေးအဆင့်ဖြစ်ကာ အဝါရောင်သည် တတိယအဆင့် သတိပေးချက်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အယ်လ်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်းတွင် လောင်ကျွမ်းနေသောတောမီးကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်ရေး ကြိုးပမ်းနေ

**အယ်လ်ဂျီးရီးယားစ် ဇူလိုင် ၂၂**

အပူလှိုင်းကြောင့် အယ်လ်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားနေပြီး ထိုတောမီးလောင်ကျွမ်းမှုကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်ရေး စေတနာ့ဝန်ထမ်းများ၊ စစ်ဘက်နှင့်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကြိုးပမ်းနေကြောင်း ယနေ့ သတင်းများအရ သိရသည်။

အဆိုပါတောမီးလောင်ကျွမ်းမှုများကြောင့် အယ်လ်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းတွင် လူခြောက်ဦးသေဆုံးခဲ့ကြောင်း အာဏာပိုင်များက အတည်ပြုခဲ့သည်။

အယ်လ်ဂျီးရီးယား မီးသတ်ဌာန၏ ပြောရေးဆိုခွင့်ရှိသူ နာဆင်ဘာနာအူအီက ဇူလိုင်လအစပိုင်းမှစတင်ကာ နိုင်ငံတစ်ဝန်း၌ တောမီးလောင်ကျွမ်းမှု အကြိမ်ရေ ၁၄၆၀ ဖြစ်ပွားခဲ့ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များသည် တပ်မတော်သား၊ ဒေသန္တရအာဏာပိုင်များ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့်စေတနာ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မှုဖြင့် တောမီးလောင်ကျွမ်းမှုများ၏ ၈၅ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းထိ ထိန်းချုပ်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။



လက်ရှိတွင် မီးသတ်တပ်ဖွဲ့ဝင်များသည် ကျန်ရှိနေသေးသည့် တောမီးလောင်မှုများက အန်နာဘာ၊ ဘီဂျာယာ၊ ဂူလ်မာ၊ အယ်လ်တာ့ဖ်၊ ကန်ချီလာ၊ မီလာ၊ ဘူအီရာ၊ မီဒီယာနှင့် မက်စ်ကာရာ ပြည်နယ်များသို့ မီးကူးစက်ပျံ့နှံ့မှု မဖြစ်ပွားစေရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သစ်တောဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ယခုနှစ် တောမီးများကြောင့် သစ်တောဧရိယာ ၁၆၆၆ ဟက်တာကျော် ပျက်စီးဆုံးရှုံးခဲ့ပြီး ၂၀၂၅ ခုနှစ် အလားတူကာလက တောမီးကြောင့် ပျက်စီးခဲ့သည့်သစ်တောဧရိယာ ၄၆၇ ဟက်တာနှင့် နှိုင်းယှဉ်ပါက များစွာမြင့်တက်လာကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် တောမီးလောင်ကျွမ်းနေသဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးထား

**အော့တဝါ ဇူလိုင် ၂၂**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် တောမီးလောင်ကျွမ်းနေသဖြင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက သတိပေးထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဗြိတိသျှ ကိုလံဘီယာတွင် မိုးကြိုးပစ်ရာမှ တောမီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး တောမီးလောင်ကျွမ်းနေသည့်နေရာပေါင်း ၈၇ နေရာရှိနေကြောင်း၊ တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် လေကြောင်း အကူအညီများနှင့် Drone အကူအညီဖြင့်လည်း တောမီးလောင်ကျွမ်းမှုအခြေအနေများကို ကင်းထောက်နေကြောင်း၊ မြေပြင်မှ ငြိမ်းသတ်ရခက်ခဲနေသည့်နေရာများတွင် လေကြောင်းအကူအညီကိုရယူသွားမည်ဖြစ်ပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ညွှန်ကြားချက်လက်ခံရရှိထားသည့် ဒေသခံများ အနေဖြင့် အမြန်ဆုံးဘေးလွတ်ရာ ရွှေ့ပြောင်းရန်လည်း နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် တိုက်တွန်းမှုများ ပြုလုပ်လျက်ရှိသည်။

"ဗြိတိသျှ ကိုလံဘီယာပြည်နယ်မှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေတဲ့ နေရာပေါင်း ၈၇ နေရာထိ ရှိနေပါတယ်။ နေရာတချို့မှာ လောင်ကျွမ်းနေတဲ့ တောမီးဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပါတယ်။ လူနေအိမ်ခြေတွေဆီကိုလဲ တောမီးကူးစက်လောင်ကျွမ်းနိုင်တဲ့ အခြေအနေဖြစ်တဲ့အတွက်ကြောင့် လူနေအိမ်ခြေပေါင်း ၆၀၀ ကျော်လောက်က ဒေသခံတွေကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့အတွက်လဲ လေကြောင်းအကူအညီရယူသွားပါမယ်" ဟု ကနေဒါသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ဂရိနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းနေပြီး အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်

**အေသင် ဇူလိုင် ၂၂**

ဂရိနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းနေပြီး အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်နေကြောင်း ဂရိနေရှင်နယ် မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင်ဖော်ပြထားသည်။

အပူချိန်သည် ၄၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အမိုးအကာမရှိသည့် နေရာများတွင် အလုပ်လုပ်ကိုင်နေသော ကာယလုပ်သားများကို အမိုးအကာအောက်တွင်သာ လုပ်ကိုင်ရန် ဂရိအလုပ်သမားရေးရာ ဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း၊ အပူချိန်အမြင့်ဆုံး အခြေအနေသို့ ရောက်ရှိနေသော ဒေသများမှာ ဂရိနိုင်ငံအလယ်ပိုင်းဒေသများနှင့် ပီလို့ပွန်နိစ်ဒေသ အရှေ့ဘက်ပိုင်း ဒေသများဖြစ်ကြောင်း၊ အပူချိန်မြင့်တက်မှုအရေးပေါ် အဆင့်သတ်မှတ်ထားပြီး အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရေးအတွက် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုစင်တာများ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

"ဂရိနိုင်ငံအလယ်ပိုင်းဒေသတွေနဲ့ ပီလို့ပွန်နိစ်ဒေသအရှေ့ဘက်ပိုင်းဒေသတွေမှာ အပူလှိုင်းဖြတ်သန်းနေပြီးတော့ အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူချိန်ဟာ ၄၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အပူချိန်တွေ ဆက်တိုက်မြင့်တက်လာနိုင်ဖွယ်ရှိနေပါတယ်။ အပူချိန်ဒီထက်မြင့်တက်ရင်တော့ ကျန်းမာရေးလုံခြုံမှုကိုပိုပြီး ခြိမ်းခြောက်လာနိုင်ပါတယ်" ဟု ဂရိနေရှင်နယ် မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# အသက်ရှည်ပြီး ကျန်းမာစွာနေထိုင်နိုင်ရန် အချက် ၁၀ ချက်

မန္တလာဆရာမျိုး

လူတိုင်းသည် အသက်ရှည်ရှည် နေထိုင်လိုကြသည်။ သို့သော် အသက်ကြီးလာရုံမျှဖြင့် ပြည့်စုံသော အသက်ရှည်ခြင်းဟုမဆိုနိုင်ပေ။ အသက်ကြီးလာသည့်အချိန်ထိ မိမိ၏နေ့စဉ်လုပ်ငန်းများကို ကိုယ်တိုင်လုပ်ဆောင်နိုင်ခြင်း၊ လွတ်လပ်စွာသွားလာလှုပ်ရှားနိုင်ခြင်း၊ စိတ်ကြည်လင်ပြီး မှတ်ဉာဏ်ကောင်းမွန်ခြင်း၊ မိသားစုနှင့် လူမှုအသိုင်းအဝိုင်းအတွင်း အဓိပ္ပာယ်ရှိရှိနေထိုင်နိုင်ခြင်းတို့က ပို၍အရေးကြီးသည်။

ထို့ကြောင့် ယနေ့ခေတ်တွင် အသက်ရှည်ခြင်းဟူသောအဓိပ္ပာယ်ကို အသက်ကြီးလာခြင်းတစ်ခုတည်းဖြင့် မသတ်မှတ်တော့ဘဲ ကျန်းမာစွာအသက်ရှည်ခြင်းဟူသောအယူအဆကို ပိုမိုအလေးထားလာကြသည်။ ဆိုလိုသည်မှာ အသက်ရှည်ရုံသာမက နာတာရှည်ရောဂါများနှင့် မသန်စွမ်းမှုများကို တတ်နိုင်သမျှလျှော့ချနိုင်ပြီး ကိုယ်ခန္ဓာ၊ စိတ်နှင့် လူမှုဘဝတို့ ကောင်းမွန်စွာ ဆက်လက်လည်ပတ်နိုင်ခြင်းဖြစ်သည်။

အသက်ရှည်ခြင်းအပေါ် မျိုးရိုးဗီဇ၏ လွှမ်းမိုးမှုရှိသော်လည်း မျိုးရိုးဗီဇတစ်ခုတည်းက အရာအားလုံးကိုဆုံးဖြတ်ပေးခြင်းမဟုတ်ပေ။ မိမိနေ့စဉ် ရွေးချယ်လုပ်ဆောင်နေသော စားသောက်မှုပုံစံ၊ ကိုယ်လက်လှုပ်ရှားမှု၊ အိပ်စက်မှု၊ ဆေးလိပ်နှင့် အရက်သုံးစွဲမှု၊ စိတ်ဖိစီးမှု၊ လူမှုဆက်ဆံရေးနှင့် ကျန်းမာရေးစစ်ဆေးမှုတို့သည် အသက်ရှည်ခြင်းနှင့် ဘဝအရည်အသွေးအပေါ် များစွာသက်ရောက်စေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏အဆိုအရ ကျန်းမာရေးနှင့်မညီညွတ်သော အစားအသောက်စားခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်း၊ အရက်ကို အန္တရာယ်ဖြစ်စေသည့်ပမာဏထိ သောက်သုံးခြင်းတို့သည် နှလုံးသွေးကြောရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာနှင့် နာတာရှည် အသက်ရှူလမ်းကြောင်းရောဂါများကဲ့သို့ မကူးစက်နိုင်သော နာတာရှည်ရောဂါများ ဖြစ်ပွားစေသည့် အဓိကအန္တရာယ်များဖြစ်ကြသည်။

ထို့ကြောင့် အသက်ငယ်စဉ်ကတည်းက ကျန်းမာရေးအလေ့အကျင့်ကောင်းများ တည်ဆောက်ထားနိုင်ခြင်းသည် အသက်ကြီးလာသည့်အခါ ရောဂါကင်းဝေးပြီး ကိုယ်တိုင်ရပ်တည်နေထိုင်နိုင်ရန် အရေးကြီးသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်။ အသက်အရွယ်ကြီးပြီးမှ စတင်ပြောင်းလဲရန်လည်း နောက်ကျလွန်းခြင်းမရှိပေ။ မည်သည့်အသက်အရွယ်တွင်မဆို သေးငယ်သော အလေ့အကျင့်ကောင်းများမှ စတင်ပြောင်းလဲနိုင်ပါသည်။

**၁။အစားအသောက်ကို ဆေးတစ်လက်လိုစားသုံးခြင်း**

လူတစ်ဦး၏ ခန္ဓာကိုယ်ကို တည်ဆောက်ပေးနေသည့် အခြေခံပစ္စည်းများမှာ နေ့စဉ်စားသုံးနေသော အစားအသောက်များဖြစ်သည်။ အစားအသောက်ကောင်းမွန်လျှင် ခန္ဓာကိုယ်ကောင်းမွန်ပြီး အစားအသောက် မမှန်ကန်လျှင် ရောဂါဖြစ်ပွားနိုင်ခြေတဖြည်းဖြည်းမြင့်တက်လာနိုင်သည်။

ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုပုံစံတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပဲအမျိုးမျိုး၊ အခွံမာသီး၊ အစေ့အဆန်များနှင့် ကောက်နှံအစားအစာများ ပါဝင်သင့်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသက် ၁၀ နှစ်အထက် ကလေးများအနေဖြင့် သစ်သီးနှင့်ဟင်းသီးဟင်းရွက်ကို တစ်နေ့လျှင် အနည်းဆုံး ဂရမ် ၄၀၀ ခန့် စားသုံးရန် အကြံပြုထားသည်။

မြန်မာတို့၏ စားသောက်မှုပုံစံတွင် ထမင်းပမာဏများလွန်းပြီး ဟင်းသီးဟင်းရွက်၊ ပဲ၊ ငါးနှင့် အသားဓာတ်ပမာဏနည်းနေခြင်းမျိုးကို ရှောင်သင့်သည်။ ထမင်းတစ်ပန်းကန်စားခြင်းထက် ထမင်းပမာဏကိုသင့်တင့်စွာထားပြီး ပန်းကန်၏ထက်ဝက်ခန့်ကို ဟင်းသီးဟင်းရွက်များ၊ ကျန်တစ်ဝက်ကို ထမင်းနှင့်ပရိုတင်းဓာတ်ပါသော အစားအစာများဖြင့် စားသုံးနိုင်သည်။

ပရိုတင်းဓာတ်သည် ကြွက်သားများ၊ အရိုးများ၊ အင်ဇိုင်းများနှင့် ကိုယ်ခံအားစနစ်အတွက် အရေးကြီး



သည်။ ငါး၊ ပဲအမျိုးမျိုး၊ တိုဟူး၊ ကြက်ဥ၊ အဆီနည်းသောအသားနှင့် နို့ထွက်ပစ္စည်းတချို့မှ ပရိုတင်းဓာတ်ရရှိနိုင်သည်။ အသက်ကြီးလာသည့်အခါ ကြွက်သားပမာဏ လျော့နည်းတတ်သဖြင့် ပရိုတင်းဓာတ် လုံလောက်စွာစားသုံးရန် ပို၍အရေးကြီးလာသည်။ သို့သော် ကျောက်ကပ်ရောဂါရှိသူများအနေဖြင့် ပရိုတင်းစားသုံးသင့်သည့် ပမာဏကို ဆရာဝန် သို့မဟုတ် အာဟာရပညာရှင်နှင့် တိုင်ပင်သင့်သည်။

ဆားများလွန်းသော အစားအစာများသည် သွေးပေါင်ချိန် မြင့်တက်စေပြီး နှလုံးရောဂါ၊ လေဖြတ်ရောဂါနှင့် ကျောက်ကပ်ရောဂါဖြစ်နိုင်ခြေကို တိုးစေနိုင်သည်။ ငံပြာရည်၊ ငါးပိ၊ ငါးခြောက်၊ အချဉ်ဖောက်အစားအစာ၊ အသင့်စားခေါက်ဆွဲ၊ ဝက်အူချောင်းနှင့် ပြုပြင်ထုတ်လုပ်ထားသော အသားများတွင် ဆားဓာတ်များတတ်သည်။ ထို့ကြောင့် ဟင်းချက်ရာတွင် ဆားနှင့် ဟင်းခတ်မှုန့် အလွန်အကျွံမသုံးသင့်သကဲ့သို့ ထမင်းဝိုင်းတွင် ဆား၊ ငံပြာရည်ထပ်မံထည့်စားသည့် အလေ့အကျင့်ကိုလည်း လျှော့ချသင့်သည်။

သကြားပါဝင်မှုများသော အချိုရည်များ၊ လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်ချို၊ ကိတ်မုန့်နှင့် အချိုပွဲများကို မကြာခဏစားသုံးခြင်းသည် ကိုယ်အလေးချိန်တက်ခြင်း၊ အသည်းအဆီဖုံးခြင်းနှင့် ဆီးချိုရောဂါဖြစ်နိုင်ခြေကို မြင့်တက်စေနိုင်သည်။ သကြားမထည့်သောရေ၊ ရေနွေးကြမ်း သို့မဟုတ် သကြားနည်းသော ဖျော်ရည်များကို ရွေးချယ်သင့်ပါသည်။

အဆီအားလုံးသည် မကောင်းသောအဆီများ မဟုတ်ပေ။ ငါး၊ အခွံမာသီး၊ အစေ့အဆန်နှင့် သင့်တင့်သော ဟင်းသီးဟင်းရွက်ဆီများမှရရှိသည့် မပြည့်ဝဆီများသည် ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်သည်။ သို့သော် ဆီကြော်စား၊ တိရစ္ဆာန်ဆီ၊ ထပ်တလဲလဲ အသုံးပြုထားသည့်ဆီနှင့် ပြုပြင်ထုတ်လုပ်ထားသော အစားအစာများကိုလျှော့ချသင့်သည်။

ကျန်းမာစွာ စားသောက်ခြင်းဆိုသည်မှာ တန်ဖိုးကြီးသော အစားအစာများသာ စားရမည်ဟု မဆိုလိုပေ။ ဒေသထွက်ဟင်းသီးဟင်းရွက်၊ ရာသီပေါ်သစ်သီး၊ ပဲနှင့်ငါးများကို စနစ်တကျရွေးချယ်စားသုံးခြင်းဖြင့်လည်း ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုပုံစံကိုရရှိနိုင်သည်။

**၂။ ခန္ဓာကိုယ်ကို နေ့စဉ်လှုပ်ရှားခြင်း**

လူ့ခန္ဓာကိုယ်သည် အချိန်ကြာမြင့်စွာ ထိုင်နေရန် ဖန်တီးထားခြင်းမဟုတ်ပေ။ လှုပ်ရှားမှုနည်းပြီး နာရီပေါင်းများစွာ ထိုင်နေခြင်းသည် ကိုယ်အလေးချိန်တက်ခြင်း၊ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ၊ ခါးနာခြင်းနှင့် ကြွက်သားအားနည်းခြင်းတို့ကို ဖြစ်စေနိုင်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြံပြုချက်အရ လူကြီးများသည် တစ်ပတ်လျှင် အနည်းဆုံး မိနစ် ၁၅၀ ခန့် အလယ်အလတ်ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှု သို့မဟုတ် ၇၅ မိနစ်ခန့် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်သင့်သည်။ ထို့ပြင် ကြွက်သားအားကောင်းစေသော လေ့ကျင့်ခန်းများကို တစ်ပတ်လျှင် အနည်းဆုံးနှစ်ရက် ပြုလုပ်သင့်သည်။

အလယ်အလတ်ပြင်းထန်သော လှုပ်ရှားမှုဆိုသည်မှာ အသက်ရှူအနည်းငယ်မြန်လာသော်လည်း စကားပြောနိုင်သေးသည့် အဆင့်ဖြစ်သည်။ ခပ်သွက်သွက်လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ရေကူးခြင်း၊ ကခုန်ခြင်း၊ ခြံစိုက်ခြင်းနှင့် အိမ်မှုကိစ္စတချို့ ပြုလုပ်ခြင်းတို့ ပါဝင်နိုင်သည်။

လေ့ကျင့်ခန်းအတွက် အားကစားခန်းမ သွားရန်မဖြစ်မနေ မလိုအပ်ပေ။ တစ်ရက်လျှင် မိနစ် ၃၀ ခန့် လမ်းလျှောက်ခြင်းကို တစ်ပတ်ငါးရက် ပြုလုပ်နိုင်သည်။ အစပိုင်းတွင် ၁၀ မိနစ်ခန့်ဖြင့် စတင်ပြီး တဖြည်းဖြည်းတိုးနိုင်သည်။

ကြွက်သားအားကောင်းစေရန် ထိုင်ခုံမှမတ်တတ်ထခြင်း၊ နံရံကိုလက်ထောက်ပြီး တွန်းခြင်း၊ ရေဘူးကိုအလေးအဖြစ် အသုံးပြုခြင်း၊ လှေကားတက်ခြင်းနှင့် ရော်ဘာကြိုးဖြင့် လေ့ကျင့်ခြင်းတို့ ပြုလုပ်နိုင်သည်။ အသက်ကြီးသူများအတွက် ဟန်ချက်ထိန်းလေ့ကျင့်ခန်းများသည် ချော်လဲမှုနှင့် အရိုးကျိုးမှုတို့ကို ကာကွယ်ရန် အရေးကြီးသည်။ လှုပ်ရှားသွားလာမှုအားနည်းသော သက်ကြီးရွယ်အိုများသည် ဟန်ချက်ထိန်းနိုင်မှုတိုးတက်စေရန် လေ့ကျင့်ခန်းကို တစ်ပတ်လျှင် သုံးရက် သို့မဟုတ် ထို့ထက်ပို၍ပြုလုပ်ရန် WHO က အကြံပြုထားသည်။

တစ်နေ့တာလုံး အချိန်ကြာကြာထိုင်ရသူများသည် မိနစ် ၃၀ မှ ၆၀ ကြာတိုင်း မတ်တတ်ထခြင်း၊ လမ်းအနည်းငယ်လျှောက်ခြင်း၊ လက်နှင့်ခြေထောက်များ ဆန့်ခြင်းတို့ပြုလုပ်သင့်သည်။ ဓာတ်လှေကားအစား လှေကားသုံးခြင်း၊ အနီးအနားသွားရာတွင် လမ်းလျှောက်ခြင်းနှင့် ဖုန်းပြောစဉ် မတ်တတ်ရပ်ခြင်းတို့သည်လည်း နေ့စဉ်လှုပ်ရှားမှုတိုးစေသည့် လွယ်ကူသောနည်းလမ်းများဖြစ်သည်။

နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ အဆစ်ရောင်ရောဂါ သို့မဟုတ် အခြားနာတာရှည်ရောဂါရှိသူများသည် မိမိနှင့်သင့်တော်သည့် လေ့ကျင့်ခန်းအမျိုးအစားနှင့် ပြင်းအားကို ကျန်းမာရေးပညာရှင်နှင့် တိုင်ပင်သင့်သည်။

**၃။ အိပ်စက်ခြင်းကို အချိန်ဖြုန်းခြင်းဟု မယူဆပါနှင့်**

အိပ်စက်နေစဉ် ခန္ဓာကိုယ်နှင့် ဦးနှောက်သည် အနားယူရုံသာမက ပြန်လည်ပြုပြင်ခြင်း၊ ဟော်မုန်းများကို ထိန်းညှိခြင်း၊ မှတ်ဉာဏ်များကို စုစည်းသိမ်းဆည်းခြင်းနှင့် ကိုယ်ခံအားစနစ်ကို ထောက်ပံ့ခြင်းတို့ ပြုလုပ်နေသည်။

လူကြီးအများစုအတွက် တစ်ညလျှင် ခုနစ်နာရီမှ ကိုးနာရီခန့် အိပ်စက်ခြင်းသည် သင့်တော်သည်။ သို့သော် အိပ်ချိန်ပမာဏတစ်ခုတည်းမဟုတ်ဘဲ အိပ်စက်မှုအရည်အသွေးကလည်း အရေးကြီးသည်။ ညဘက် မကြာခဏနိုးခြင်း၊ ဟောက်သံပြင်းခြင်း၊ အသက်ရှူရပ်သကဲ့သို့ဖြစ်ခြင်း၊ နံနက်တွင် ခေါင်းကိုက်ခြင်းနှင့် နေ့ခင်းဘက် အလွန်အမင်း ငိုက်မျဉ်းခြင်းတို့ရှိပါက အိပ်စက်စဉ် အသက်ရှူလမ်းကြောင်းပိတ်ဆို့ခြင်းကဲ့သို့ ပြဿနာရှိနိုင်သဖြင့် ဆရာဝန်နှင့် ပြသသင့်သည်။

အိပ်ရေးမဝခြင်းသည် စိတ်တိုလွယ်ခြင်း၊ အာရုံစူးစိုက်မှုကျဆင်းခြင်းနှင့် မှတ်ဉာဏ်အားနည်းခြင်းကိုသာဖြစ်စေသည်မဟုတ်ပေ။ ရေရှည်တွင် သွေးတိုး၊ ဆီးချို၊ ကိုယ်အလေးချိန်တက်ခြင်း၊ နှလုံးသွေးကြောရောဂါ၊ စိတ်ကျရောဂါနှင့် မတော်တဆထိခိုက်မှုများဖြစ်နိုင်ခြေကိုလည်း မြင့်တက်စေနိုင်သည်။ အမျိုးသားအိုမင်းခြင်းဆိုင်ရာ အင်စတီကျုကလုံလောက်စွာ အိပ်စက်ခြင်း၊ ကျန်းမာသော အစားအသောက်၊ ကိုယ်လက်လှုပ်ရှားမှုနှင့် ကျန်းမာရေးကို ကြိုတင်စီမံခြင်းတို့သည် ကျန်းမာစွာအိုမင်းရန် အရေးကြီးကြောင်း ဖော်ပြထားသည်။

ကောင်းစွာအိပ်ပျော်ရန် အိပ်ချိန်နှင့် နိုးချိန်ကို တတ်နိုင်သမျှ ပုံမှန်ထားသင့်သည်။ အိပ်ရာမဝင်မီ လက်ကိုင်ဖုန်း၊ တက်ဘလက်နှင့် ရုပ်မြင်သံကြား အသုံးပြုမှုကို လျှော့ချပြီး အလင်းရောင်မှိန်မှိန်နှင့် တိတ်ဆိတ်သောပတ်ဝန်းကျင် ဖန်တီးသင့်သည်။ ညနေပိုင်းနှင့် ညဘက်တွင် ကော်ဖီ၊ လက်ဖက်ရည်ပြင်း၊ အားဖြည့်အချိုရည်နှင့် နီကိုတင်းသုံးစွဲမှုကို ရှောင်သင့်သည်။

အိပ်မပျော်သဖြင့် အိပ်ဆေးကို မိမိသဘောဖြင့် ကြာရှည်စွာ သောက်သုံးခြင်းမပြုသင့်ပေ။ အိပ်မပျော်ခြင်းသည် နာကျင်မှု၊ စိတ်ပူပန်မှု၊ စိတ်ကျရောဂါ၊ ဆေးဝါးဘေးထွက်ဆိုးကျိုး သို့မဟုတ် အခြားရောဂါတစ်ခုကြောင့် ဖြစ်နိုင်သဖြင့် အကြောင်းရင်းကို စစ်ဆေးကုသရန် အရေးကြီးပေသည်။

ဆက်လက်ဖော်ပြပါမည်။

# ဇူလိုင် ၂၄ ရက်တွင် နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် မီချယ် ရုပ်ရှင်ဇာတ်ကား Premiere Show ပြုလုပ်



ရန်ကုန် ဇူလိုင် ၂၂

ဇူလိုင် ၂၄ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည့် မီချယ်ရုပ်ရှင်ဇာတ်ကား Premiere Show ကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ဇူလိုင် ၂၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီချယ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ မယ်မင်းဘုံက ရေးသားထားပြီး ဒါရိုက်တာ မယ်မင်းဘုံကပင် ရွှေနဒီရွှေရည်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ ဇာတ်ကောင်တွေကလဲ ကောင်းတယ်။ မချောရတနာ၊ အမေချို၊ ထိပ်ထိပ် အကုန်လုံး ကာရိုက်တာအံဝင်အောင် အကောင်းဆုံးပုံဖော်ထားပါတယ်။ ကိုယ်က ဒီဇာတ်ကားမှာ ဖခင်တစ်ယောက် ကာရိုက်တာက ဖြစ်ပါတယ်။ အိုက်တင်ပိုင်းတွေလဲ အပြောင်းအလဲလုပ်ရတယ်။ ဇာတ်ညွှန်းက ခပ်သွက်သွက်လေးသွားထားလို့ ဇာတ်ကားပြီးလို့ ပြီးမှန်းမသိအောင်ကို ကောင်းပါတယ်။ အော်တစ်ဇင်ကလေးတွေ ပိုင်ဆိုင်ထားတဲ့ မိဘတွေအတွက်လဲ တော်တော်လေးစားဂုဏ်ယူမိပါတယ်"ဟု အဆိုပါဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် နေတိုးက ပြောပြသည်။

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မီချယ်ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ ချောရတနာ၊ ရတနာဗို၊ ဆုအိမ့်စံ၊ စံထိပ်ထားဦး၊ ချိုပြုံး၊ ဌေးသည် သရုပ်ဆောင် ညီနန္ဒ၊ စိုင်းဘုန်းမင်းသန့်၊ ဟန်ဆက်လူ၊ အေးအေးအောင်၊ ဝါဝါအောင်၊ အဲဗရက်(စ်)မိုးနှင့် သရုပ်ဆောင်များစွာပါဝင်ထားကြောင်း သိရသည်။

ASH

# Hollow ထိတ်လန့်သည်းဖိုဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရန် ဆိုနီကုမ္ပဏီက စီစဉ်ထား

နယူးယောက် ဇူလိုင် ၂၂

Hollow အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဇူလိုင် ၂၁ ရက် သတင်းများအရ သိရသည်။

Hollow ဇာတ်ကားသည် စာရေးဆရာမ လင်ဆေးအန်ဒါဆင်ဘီအာ၏ ခေါင်းစဉ်အမည်တူဝတ္ထုကို အခြေခံရိုက်ကူးမည့်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

Hollow ဇာတ်ကားတွင် မင်းသမီး ဆစ်ဒနီဆွင်းနေးက အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို စာရေးဆရာမ လင်ဆေးအန်ဒါဆင်ဘီအာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားမည်ဖြစ်ကြောင်း သိရသည်။

မင်းသမီး ဆစ်ဒနီဆွင်းနေးသည် ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Anyone But You ဇာတ်ကား၌ မင်းသားဂလန်းပိုဝဲနှင့်အတူ သရုပ်ဆောင်ခဲ့ဖူးကြောင်း သိရသည်။

စာရေးဆရာမ လင်ဆေးအန်ဒါဆင်ဘီအာသည် Pet Sematary: Bloodlines ဇာတ်ကားကို တာဝန်ယူရိုက်ကူးပေးခဲ့သော ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# တေးသံရှင် မေခလာ၊ ထွန်းအိန္ဒြာဗိုတို့၏ The Divas Power Concept တေးဂီတဖျော်ဖြေပွဲကို မြောက်ဥက္ကလာပမြို့နယ်ရှိ The Transporter Bar တွင် ပြုလုပ်မည်

ရန်ကုန် ဇူလိုင် ၂၂

တေးသံရှင် မေခလာ၊ ထွန်းအိန္ဒြာဗိုတို့၏ The Divas Power Concept တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ The Transporter Bar ၌ ဩဂုတ် ၂ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် မေခလာထံမှ သိရသည်။

အဆိုပါ The Divas Power Concept တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် မေခလာ၊ ထွန်းအိန္ဒြာဗိုတို့နှင့်အတူThe Transporter Bar ၏ ပင်တိုင်အဆိုတော်များက အားဖြည့်သီဆို ဖျော်ဖြေကြမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကိုDaily Gita Band က အကောင်းဆုံးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဩဂုတ် ၂ ရက်မှာ Transporter Bar မှာ ပင်တိုင်အဆိုတော်တွေအပြင် DJ Artists တို့ရဲ့ အထူးဖျော်ဖြေမှုတွေက စောင့်ကြိုနေမှာဖြစ်ပါတယ်။ ချစ်ငယ်နဲ့ ထွန်းအိန္ဒြာဗိုတို့ရဲ့ တေးသီချင်းတွေနဲ့အတူ Transporter Bar ရဲ့ အကြီးကျယ် အခမ်းနားဆုံး ဖျော်ဖြေမှုတွေအတွက် အသင့်ပြင်ထားလိုက်တော့လို့ ပြောချင်ပါတယ်"ဟု တေးသံရှင် မေခလာက ပြောပြသည်။




အဆိုပါ The Divas Power Concept တေးဂီတဖျော်ဖြေပွဲတွင် DJ Artists များ၏ ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ Dancers များကလည်း ကကွက်စုံလင်စွာဖြင့် အားဖြည့်ဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Mini War ဟာသဇာတ်ကား၌ အမျိုးသားသရုပ်ဆောင်သုံးဦး ပါဝင်မည်

နယူးယောက် ဇူလိုင် ၂၂

Mini War အမည်ရှိ ဟာသဇာတ်ကားတွင် မင်းသား ဘရက်ဂျဲမင်း၊ ရှော့မော်ဂန်နှင့် ကီဗင်နီလွန်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၂၁ ရက် သတင်းများအရ သိရသည်။

Mini War ဇာတ်ကားတွင် အဆိုပါသရုပ်ဆောင် သုံးဦးတို့သည် မင်းသား လုဝီဆင်၊ နစ်စဝ့်ဆန်၊ မင်းသမီး ဗင်နက်ဆာဟက်ဂျင်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဟာသဇာတ်ကားကို ဒါရိုက်တာ ဂျိုအယ်ဒေးဗစ်မိုးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Mini War ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အယ်လန်ကိုဗက်က တာဝန်ယူရေးသားပေးထားသည်။

လက်ရှိအချိန်တွင် Mini War ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးပေ။

ထို့ပြင် Mini War ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းဈေး ရာပြည့်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းဈေး ရာပြည့်ပွဲတော်ကို အောက်တိုဘာ ၇ ရက်မှ အောက်တိုဘာ ၁၁ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းဈေး ရာပြည့်ပွဲတော် ကျင်းပရေးကော်မတီဝင် ဒေါ်ချောစုထွေးက ပြောပြသည်။

ဗိုလ်ချုပ်အောင်ဆန်းဈေး ရာပြည့်ပွဲတော်တွင် ပြည်တွင်းထုတ်ကုန်များ၊ ချည်ထည်များ၊ အဝတ်အထည်များ၊ ကျောက်မျက်ရတနာ ဆိုင်ခန်းများနှင့် စားသောက်ဆိုင်ခန်းပေါင်း ၁၀၀ ကျော်ကို ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပြီး မြန်မာ့သနပ်ခါးပြခန်း၊ ရုပ်သေးအစီအစဉ်၊ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်ပုံစံ တေးဂီတဖျော်ဖြေမှုများနှင့် တိုင်းရင်းသားရိုးရာဝတ်စုံများဝတ်ဆင်ပြီး အမှတ်တရ ဓာတ်ပုံရိုက်ကူးနိုင်မည့် အစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်မြို့ရဲ့ ရှေးဟောင်းမြို့ပြ အမွေအနှစ်တစ်ခုလဲဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဈေးရဲ့ သမိုင်းကြောင်းကို ထုတ်ဖော်ပြသချင်သလို ပွဲတော်ကတစ်ဆင့် စီးပွားရေးလုပ်ငန်းရှင်တွေ အချင်းချင်း ပိုမိုချိတ်ဆက်နိုင်ဖို့ ဈေးအတွင်းက ဗိသုကာလက်ရာတွေကို လေ့လာနိုင်ဖို့နဲ့ လူငယ်တွေ ဗိုလ်ချုပ်အောင်ဆန်းဈေးရဲ့ သမိုင်းကြောင်းကို သိရှိစေချင်တဲ့ရည်ရွယ်ချက်နဲ့ အခုလို ပွဲတော်ကျင်းပဖို့စီစဉ်ရတာဖြစ်ပါတယ်"ဟု ဒေါ်ချောစုထွေးက ပြောပြသည်။

ဗိုလ်ချုပ်အောင်ဆန်းဈေးတွင် ကျောက်မျက်ရတနာ၊ ရွှေ၊ ငွေ လက်ဝတ်ရတနာ၊ ရှေးဟောင်းပစ္စည်း၊ ပန်းချီကား၊ ပိုးထည်ချည်ထည်၊ လက်မှုအနုပညာပစ္စည်း၊ စက်ချုပ်ဆိုင်၊ လူသုံးကုန်၊ အလှကုန်နှင့် စားသောက်ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေကြောင်း သိရသည်။

ASH

# President of the Republic of the Union of Myanmar U Min Aung Hlaing accepts the Letters of Credence of Vietnamese Ambassador



**President U Min Aung Hlaing accepts the Letters of Credence of Vietnamese Ambassador Mr. Ngu Anh Duc.**

**Nay Pyi Taw July 22**

President of the Republic of the Union of Myanmar U Min Aung Hlaing accepted the Letters of Credence of H.E Mr. Ngu Anh Duc, the newly-accredited Ambassador of the Socialist Republic of Vietnam to the Republic of the Union of Myanmar, at the Presidential Reception Hall in Nay Pyi Taw at 10am today.

The Vietnamese Ambassador arrived at the Hall of Honor of the Presidential Reception Hall and paid respect to the State Flag of Myanmar and the State Flag of Vietnam. The Ambassador took the salute of the Guard of Honour which played the anthems of the two countries.

The Ambassador then presented his credentials to President U Min Aung Hlaing at the Credentials Hall of the Presidential Reception Hall.

They then discussed the improving diplomatic relations, friendship and cooperation between Myanmar and Vietnam, successful holding of a multiparty democracy general election in Myanmar, heartfelt congratulations Vietnam has expressed for the emergence of the administration assuming the State duties in accord with the wish of the people, depending of cooperation in trade, investment, and economic development undertakings between the two countries, Vietnam's extension of the regional cooperation and friendship sectors, Vietnam's plans to organize the Cambodia-Laos-Myanmar-Vietnam (CLMV) cooperation summit and Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) and Myanmar's participation in the summits, development of the tourism sector via friendship between the peoples of the two countries, exchange of visits between the Leaders and senior officials of the two countries, probabilities to promote cooperations between the two parliaments as a political cooperation, and deepening of cooperation in multiple sectors.

After the call, the President and the Vietnamese Ambassador posed for group documentary photos.

Also present at the call together with the President were Union Minister at the President's Office U Khin Maung Yi, Union Minister for Foreign Affairs U Tin Maung Swe, and Director General of the Protocol Department U Thet Tun. The Ambassador was accompanied by his wife and officials.

The Ambassador signed the visitor's book of the Presidential Reception Hall.

MNA

# Ambassador of the Republic of Kazakhstan presents Credentials to U Min Aung Hlaing, President of the Republic of the Union of Myanmar

**Nay Pyi Taw July 22**

H.E. Mr. Margulan Baimukhan, Ambassador Extraordinary and Plenipotentiary Designate of the Republic of Kazakhstan to the Republic of the Union of Myanmar, presented his Credentials to H.E. U Min Aung Hlaing, President of the Republic of the Union of Myanmar, at the Credentials Hall of the Presidential Office in Nay Pyi Taw at 11:00 a.m. today.

First, the Ambassador of the Republic of Kazakhstan to Myanmar arrived at the Honor Hall of the Credentials Hall at the President's Office and paid respects to the State Flag of the Republic of the Union of Myanmar and State Flag of the Republic of Kazakhstan. The Ambassador then received the salute of the Guard of Honor, after which the Guard of Honor played the national anthems of both countries.

Thereafter, at the Diplomatic Reception Hall of the President's Office, the Ambassador presented his Credentials to H.E. U Min Aung Hlaing, President of the Republic of the Union of Myanmar.

Subsequently, both sides cordially discussed the steady enhancement and strengthening of bilateral cooperation and friendly relations despite the geographical distance between Myanmar and Kazakhstan; Kazakhstan's congratulations on the successful holding of the free and fair multi-party democratic general election in Myanmar and on the assumption of state duties by the elected government led by President U Min Aung Hlaing; the upcoming parliamentary elections to be held in Kazakhstan and the invitation extended to officials from the Union Election Commission of Myanmar to observe them; the promotion of bilateral cooperation in the sectors of trade, economy, agriculture, mining, education, health, digital technology, and transport; the enhancement of parliamentary cooperation between the two nations following the Kazakh elections; Kazakhstan's location in Central Asia and the potential to expand economic interactions with South Asian and ASEAN countries through Myanmar via China; Myanmar's efforts to further advance its international relations as well as its friendly ties with regional nations and ASEAN member states; and the further elevation of bilateral friendship, cooperation, and diplomatic relations.

Following the meeting, the President and the Ambassador of the Republic of Kazakhstan to Myanmar took a group documentary photograph.

The ceremony to present Credentials was attended by Union Minister at the Office of the President U Khin Maung Yi, Union Minister for Foreign Affairs U Tin Maung Swe, and Director-General of the Protocol Department U Thet Htun, along with the Ambassador of the Republic of Kazakhstan to Myanmar and relevant officials.



**President U Min Aung Hlaing accepts the Credentials of Mr. Margulan Baimukhan, Ambassador of the Republic of Kazakhstan to the Republic of the Union of Myanmar.**

Afterwards, the Ambassador of the Republic of Kazakhstan to Myanmar signed the guestbook at the Credentials Hall of the Presidential Office.

MNA

# President of the Republic of the Union of Myanmar U Min Aung Hlaing receives Ambassador of the Yangon-Based Embassy of the Democratic People's Republic of Korea


**Ny Pyi Taw July 22**

President of the Republic of the Union of Myanmar U Min Aung Hlaing received a delegation led by Ambassador of the Yangon-Based Embassy of the Democratic People's Republic of Korea H.E. Mr. Jong Ho Bom, who had completed his tour of duties at the Reception Hall of the Presidential Office in Nay Pyi Taw this afternoon.

Also present at the call together with the President were Union Minister at the President's Office U Khin Maung Yi, Union Minister for Foreign Affairs U Tin Maung Swe, and officials. The Ambassador was accompanied by officials of the embassy.

At the call, cordial discussions were centred on the good relations between the two countries, further promotion of diplomatic relations, Myanmar's political developments, Korea's current pace of development and further actions, DPRK's adoption of policies on international relations, and means to further improve friendship and cooperation between the two countries.

After the call, the President and the Ambassador posed for documentary photos together with the attendees. MNA



**President U Min Aung Hlaing receives Ambassador of the Yangon-Based Embassy of the Democratic People's Republic of Korea Mr. Jong Ho Bom.**

# With systematic detonation of 17-storey building used in online scams/gambling in Shwe Kokko area, a total of 76 illegal residential buildings demolished

**After demolition.**



**An illegal 17-storey building used for online scam and gambling operations in Shwe Kokko area, Myawaddy District, Kayin State.**

**Being prepared for demolition using explosives.**



**An illegal 17-storey building used for online scam and gambling operations in Shwe Kokko area, Myawaddy District, Kayin State.**

**Nay Pyi Taw July 22**

Illegal buildings in Shwe Kokko and KK Park in Myawaddy Township in Kayin State used as bases for online scams/gambling are being permanently demolished and paraphernalia used in them is being systematically destroyed by interdepartmental teams and a 17-storey illegal building in Shwe Kokko was systematically detonated today.

Out of 77 buildings used in online scams/gambling in Shwe Kokko area, 57 and 20 were respectively designated to be demolished by machinery and to be detonated based on their types and demolition tasks are systematically being carried out. A 17-storey building out of 20 to be detonated was systematically levelled today.

The interdepartmental teams have so far systematically demolished a total of 76 illegal buildings used in committing online scams/gambling and the remaining one illegal building will be knocked down systematically. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Ambassador of the People's Republic of China to Myanmar calls on Commander-in-Chief of Defence Services General Ye Win Oo



General Ye Win Oo receives Ambassador of the People's Republic of China to Myanmar Ms. Ma Jia.

**Nay Pyi Taw July 22**

Commander-in-Chief of Defence Services General Ye Win Oo received Ambassador of the People's Republic of China to Myanmar H.E. Ms. Ma Jia at the hall of the Bayintnaung Villa in Nay Pyi Taw this afternoon.

Also present at the meeting together with the General were senior military officers from the Office of the Commander-in-Chief. The Chinese Ambassador was accompanied by the Counsellor, the Military Attache of China to Myanmar and officials from the embassy.

At the meeting, they cordially exchanged views on promotion of Pauk-Phaw relations and strategic cooperation between the two countries, cooperation in peace, stability and regional development in border regions, invitation extended by the government to armed insurgent groups to join peace talks, holding internal peace dialogues, Myanmar's efforts in combatting illicit drug trafficking as a national duty while narcotic drugs pose a threat to all of humanity worldwide, cooperation with regional countries including neighbouring countries to eradicate online scams and gambling activities, and sectoral cooperation including technology and information between the two armed forces.

After the meeting, the General and the Ambassador had documentary photos taken. 100

# Tatmadaw columns recapture Kammagyi Village in Khampat Township, temporarily held by terrorists along Kalay-Tamu route

Tatmadaw columns recapture Kammagyi Village in Khampat Township, which was temporarily held by terrorist insurgents.



The seizure of the Kammagyi Village Rural Health Sub-Centre.

**Nay Pyi Taw July 22**

The Tatmadaw is tirelessly carrying out national defence and security duties, with the utmost sacrifice, to ensure regional stability and peace, public safety, and the socio-economic development of the people. Furthermore, under the guidance of the Government, it is actively collaborating with the local populace on regional development projects. In this regard, intensive efforts are also being made to regain control of and reopen the Kalay-Tamu route, a strategically vital corridor for Myanmar-India border trade.

To regain control of and reopen the Kalay-Tamu route, Tatmadaw columns systematically organized and launched coordinated, phased area security operations in a balanced manner starting from June 7. The military column advancing from Tamu recaptured Yanlinphai Village and its surrounding areas on June 10. The military column advancing from Kalay successively recaptured and gained control of towns and villages along the Kalay-Tamu route, including Khampat Town on June 20 and Kanan Village, north of Khampat Town, on June 30.

Continuing their relentless, round-the-clock accelerated area security operations to reopen the Kalay-Tamu communication route as quickly as possible, the military column advancing from Khampat further captured Kammagyi (Chin) Village, a temporary base for terrorist insurgents, on July 19, and Kammagyi (Bamar) Village on July 21. During these assaults, engagements broke out with the terrorist insurgents. Arms, ammunition, and related equipment were seized, and it is reported that the terrorist insurgents retreated and fled after suffering heavy casualties.

It has been discovered that while the terrorist insurgents temporarily dominated these villages and the surrounding area, they showed no regard for the interests of the local people and committed the following acts of terrorism: destroying local homes, religious buildings, and public structures; forcibly taking and using household goods and valuables from homes and shops; constructing firing positions, bunkers, trenches, and communication tunnels inside residential houses, thereby drawing battles into the towns and villages; erecting checkpoints on public roads to extort money through bullying and coercion; and planting landmines on the main village roads.

It is reported that the Tatmadaw columns are continuing to accelerate the necessary area security operations to regain full control and reopen the vital Kalay-Tamu communication route, which is crucial for the socio-economic development of the local people and the regional flow of goods, at the earliest opportunity. Moreover, responsible officials from relevant departments, in cooperation with local residents, will carry out necessary repair works on basic infrastructure damaged by the actions of the terrorists. 100

Tatmadaw columns recapture Kammagyi Village in Khampat Township, which was temporarily held by terrorist insurgents.



Arms, ammunition, and related equipment seized from the terrorist insurgents.



Defensive positions set up inside the village by the terrorist insurgents.



Bunkers constructed by the terrorist insurgents inside residential homes in the village.

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၄၉၇၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၄၉၇၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ဧက ၁၉၇၉၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၄၉၇၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲစင်းငုံဧက ၁၉၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ ဧက ၁၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးပါတယ်။ တောင်သူတွေက ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်း အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကဏန်းပျော့ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကဏန်းပျော့ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ကဏန်းပျော့ ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကဏန်းပျော့ ပိဿာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ကဏန်းပျော့များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဒီဘက်ကနေတင်ပို့တဲ့ ရေထွက်ကုန် အဓိကဈေးကွက်တစ်ခုပါ။ ပြီးခဲ့တဲ့တစ်လအတွင်း ကဏန်းပျော့ပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ဒီဘက်က ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်က ဒေသဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ ရောင်းချနေတယ်လို့ သိရပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။



လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ကဏန်းပျော့ တစ်ပိဿာလျှင် အရွယ်အစားနှင့် လတ်ဆတ်မှုအပေါ်မူတည်၍ ငွေကျပ် ၂၅၅၀၀ မှ ၃၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# တောင်တွင်းကြီးမြို့နယ် နတ်စဉ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်လှ ကျေးရွာအုပ်စု နတ်စဉ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၁ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက နတ်စဉ်ကုန်းကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နတ်စဉ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ်သိန်း ၂၂၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ်၂၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၄၂ သိန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူသုံးဦးကို ငွေကျပ် ကိုးသိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၆ ဦးကို ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နွဲ့ယဉ်




# ရွှေတောင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**ရွှေတောင် ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေမျက်ကျေးရွာနှင့် လှည်းမှူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော်နှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ရေမျက်ကျေးရွာနှင့် လှည်းမှူးကျေးရွာ၌ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၈ ဦးကို ငွေကျပ် ၃၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၄ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၈ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လူ



ရှေ့ဖုံးမှအဆက်

နိုင်ငံတော်သမ္မတ၏ ညှိနှိုင်းဆောင်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ၏ ညှိနှိုင်းဆောင်တော် ဂုဏ်ပြုဆောင်ခန်းမသို့ ရောက်ရှိပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအလံတို့ကို အလေးပြုသည်။ ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံနိုင်ငံတော်သီချင်းများကို တီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ညှိနှိုင်းဆောင်တော် သံတမန်ဆောင်ညှိနှိုင်းခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ngu Anh Duc က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ngu Anh Duc တို့ တွေ့ဆုံဆွေးနွေးစဉ်။



ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ngu Anh Duc ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။

ထို့နောက် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် ပြည်သူများ၏ဆန္ဒနှင့်အညီ ထွက်ပေါ်လာသော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့်အစိုးရအဖွဲ့က နိုင်ငံတော်တာဝန်ထမ်းဆောင်နေမှုအပေါ် ဗီယက်နမ်နိုင်ငံအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြားကုန်သွယ်ရေး၊ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ယခုထက်ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကဏ္ဍများတွင် ပိုမိုကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ဗီယက်နမ်နိုင်ငံတွင် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(CLMV) ထိပ်သီးအစည်းအဝေးနှင့်ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(ACMECS) ထိပ်သီးအစည်းအဝေးတို့ကို ကျင်းပပြုလုပ်သွားမည့်အခြေအနေများနှင့် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများမှတစ်ဆင့် ခရီးသွားကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား နိုင်ငံ့ခေါင်းဆောင်များနှင့် အဆင့်မြင့်အရာရှိကြီးများ ချစ်ကြည်ရေးခရီးများအပြန်အလှန်သွားရောက်ခဲ့မှုအခြေအနေများ၊ နိုင်ငံရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုအဖြစ် နှစ်နိုင်ငံလွှတ်တော်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်သည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံဆိုင်ရာဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီး၊ တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်။

ယင်းနောက်မြန်မာနိုင်ငံဆိုင်ရာဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ ညှိနှိုင်းခန်းမဆောင်တော် ညှိနှိုင်းသည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ် ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်စက်မှုကဏ္ဍ" ဆိုင်ရာဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြ



**နေပြည်တော် ဇူလိုင် ၂၂**

လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC)နှင့် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍ"ဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက Jeng Phang နော်တောင်၊ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ စက်မှုနှင့်အသေးစား၊ အငယ်စား၊အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက ယနေ့ကျင်းပသည့် ရှင်းလင်းပွဲသည် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ JCC၏ အစီအစဉ်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး "နိုင်ငံတော်၏စက်မှုကဏ္ဍ"နှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန် ရှင်းလင်းတင်ပြပေးသည့် ဒုတိယမြောက် အစီအစဉ်ဖြစ်ပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေးတွင် စက်မှုကဏ္ဍသည် အခြေခံအုတ်မြစ်ဖြစ်ပြီး မိမိတို့နိုင်ငံ၌ သဘာဝသယံဇာတကုန်ကြမ်းများ ကြွယ်ဝသော်လည်း အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် စက်မှုစွမ်းအားလိုအပ်လျက်ရှိပါကြောင်း။

စက်မှုလုပ်ငန်းများနှင့် MSMEs များသည် ကုန်ထုတ်စွမ်းအားမြှင့်တင်ခြင်း၊ အလုပ်အကိုင်ဖန်တီးခြင်း၊ သွင်းကုန်နှင့် နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချခြင်းတို့ဖြင့် နိုင်ငံစီးပွားရေးကို မောင်းနှင်ပေးသည့် အဓိကအင်အားစုဖြစ်ပါကြောင်း၊ ကမ္ဘာ့စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်း နှင့် အလုပ်အကိုင်ဖန်တီးပေးမှု ၆၀ မှ ၇၀ ရာခိုင်နှုန်းခန့်မှာ MSMEs လုပ်ငန်းများဖြစ်ကြသဖြင့် ၎င်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုနှင့်အသေးစား၊ အငယ်စား၊အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက လက်ရှိစီးပွားရေးနှင့်စက်မှုကဏ္ဍအခြေအနေ၊စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးမူဝါဒများ၊ MSME ဖွံ့ဖြိုးတိုးတက်ရေးဘဏ္ဍာရေးဆိုင်ရာပံ့ပိုးမှုအခြေအနေ၊ နိုင်ငံပိုင်စက်ရုံ ပြုပြင်ပြောင်းလဲရေး၊ဦးစားပေးစက်မှုလုပ်ငန်းများ၊ စက်မှုကဏ္ဍ၏အခြေခံလိုအပ်ချက်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ခေတ်မီစက်မှုစနစ်သို့ကူးပြောင်းရေး၊ ရေရှည်တည်တံ့သော စက်မှုဖွံ့ဖြိုးရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ ရှေ့ဆက်ဆောင်ရွက်မည့်ဦးစားပေးအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုခြင်းများကိုဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြားသည်။

ထို့ပြင် နေပြည်တော် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းရှင်များက ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်များ၊ ရိုးရာလက်မှုထုတ်ကုန်များ စသည့်ထုတ်ကုန်ပစ္စည်းများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများကို ခင်းကျင်းပြသရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ **ကာဇက်စတန်သမ္မတနိုင်ငံမှ**

နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော် ဂုဏ်ပြုဆောင်ခန်းမသို့ရောက်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကာဇက်စတန်သမ္မတနိုင်ငံအလံတို့ကို အလေးပြုသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံနိုင်ငံတော်သီချင်းများကို တီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Margulan Baimukhan က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Margulan Baimukhan တို့ တွေ့ဆုံဆွေးနွေးစဉ်။



ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Margulan Baimukhan ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။

ထို့နောက် မြန်မာနိုင်ငံနှင့်ကာဇက်စတန်နိုင်ငံတို့အကြား အလှမ်းကွာဝေးသော်လည်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ခိုင်မာတိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့မှုနှင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် ရွေးကောက်ခံအစိုးရအဖွဲ့မှ နိုင်ငံတော်တာဝန်ထမ်းဆောင်နေမှုအပေါ် ကာဇက်စတန်နိုင်ငံအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိမှုအခြေအနေများ၊ မကြာမီကာလအတွင်း ကာဇက်စတန်နိုင်ငံတွင် ပါလီမန်ရွေးကောက်ပွဲ ကျင်းပသွားမည့်အခြေအနေများနှင့် မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများကိုလာရောက်လေ့လာနိုင်ရေးဖိတ်ကြားထားရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သတ္တုတူးဖော်ထုတ်လုပ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဒစ်ဂျစ်တယ်နည်းပညာကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ကာဇက်စတန်နိုင်ငံ၌ ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကာဇက်စတန်နိုင်ငံအနေဖြင့် အလယ်အာရှဒေသတွင်တည်ရှိပြီး တရုတ်နိုင်ငံကိုဖြတ်သန်း၍ မြန်မာနိုင်ငံမှတစ်ဆင့် တောင်အာရှနိုင်ငံများနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးကူးလူးဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်သည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသတွင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်း ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ သံတမန်ဆက်ဆံမှုများ ယခုထက်ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံဆိုင်ရာကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူတို့တက်ရောက်ခဲ့ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ ဧည့်ခန်းမဆောင်တော် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ် ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**
**စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၄ /၂၀၂၆**
၁၃၈၈ ခုနှစ် ဒုတိယဝါဆိုလဆန်း ၇ ရက်
(၂၀၂၆ခုနှစ် ဇူလိုင်လ ၂၁ ရက်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ၁၃၈၈ ခုနှစ် ကဆုန်လဆန်း ၈ ရက် ၂၀၂၆ ခုနှစ် ဧပြီ ၂၃ ရက်တွင်ထုတ်ပြန်ခဲ့သည့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၂/၂၀၂၆ နှင့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ် ၃/၂၀၂၆ တို့သည် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည့် ချင်းပြည်နယ် တွန်းဇံမြို့နယ်နှင့် ဖလမ်းမြို့နယ်တို့မှအပ ဆက်လက်အတည်ဖြစ်သည်။

ပုံ
**ရဲဝင်းဦး**
**ဗိုလ်ချုပ်ကြီး**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**

❑ **ကညင်ရေလှောင်တမံရေအားလျှပ်စစ်စီမံကိန်းမှ**

လစဉ် ၁၀၀ ယူနစ်ခန့်အသုံးပြုမှုဖြင့် ခန့်မှန်းတွက်ချက်ပါက အိမ်ထောင်စုပေါင်း ၁၀၅၀၀ ခန့်အတွက် လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။


အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည်ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ကညင်ရေအားလျှပ်စစ်စီမံကိန်းမှထွက်ရှိလာမည့် ဓာတ်အားများကို အမျိုးသားဓာတ်အားကွန်ရက်စနစ်သို့ ချိတ်ဆက်ပို့လွှတ်နိုင်ရေးအတွက် အင်ပူမြို့နယ် ထူးကြီးမြို့တွင် ၃၃/၆၆ ကေဗွီ ဓာတ်အားခွဲရုံဆောက်လုပ်ပြီးစီးမှုနှင့် ၆၆ ကေဗွီ မြန်အောင်-ဟသ်ာတ အမှတ်(၁)ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

● **နေရာကွက်၍ မိုးကြီးနိုင်မှ**

လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၃၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။




သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေး နှိုးဆော်ထားကြောင်း သိရသည်။

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရန်ကုန်မြို့အခြေစိုက် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ရန်ကုန်မြို့အခြေစိုက် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး H.E. Mr. Jong Ho Bom ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူတို့တက်ရောက်ကြပြီး ရန်ကုန်မြို့အခြေစိုက် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့်အတူ သံရုံးမှတာဝန်ရှိသူများတက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Jong Ho Bom တို့ ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးစဉ်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်လျက်ရှိမှုနှင့် သံတမန်ဆက်ဆံမှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများ၊ ကိုရီးယားနိုင်ငံ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ မူဝါဒများ ချမှတ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ရန်ကုန်မြို့အခြေစိုက် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News



တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ **ကျောဖုံးမှအဆက်**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံကြား ပိုမိုနက်ရှိုင်းသည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်အစိုးရအနေဖြင့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များကို ငြိမ်းချမ်းရေးဆွေးနွေးရန်ဖိတ်ခေါ်ထားရှိမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆောင်ရွက်နေမှုဆိုင်ရာကိစ္စရပ်များ၊ ကမ္ဘာတစ်ဝန်း လူသားမျိုးနွယ်ကို ခြိမ်းခြောက်လျက်ရှိသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် မူးယစ်ဆေးဝါးတရားမဝင် ရောင်းဝယ်ဖောက်ကားမှုများကို တားဆီးနှိမ်နင်းလျက်ရှိမှု၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှုများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် ဒေသတွင်းနိုင်ငံများဖြင့် ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်ကြား နည်းပညာ၊ သတင်းအချက်အလက်အပါအဝင် နယ်ပယ်အလိုက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝ၁)

## မော်တော်ယာဉ်ပိုင်ရှင် အမည်ပြောင်းဆောင်ရွက်မှုအပေါ် အခွန်စိစစ်ခြင်းနှင့် ကျသင့်ငွေများ Digital Payment ဖြင့် ငွေပေးချေခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ အခွန်ထမ်းပြည်သူများအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးဖြစ်သော မော်တော်ယာဉ်များအား လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အမည်ပြောင်းမှတ်ပုံတင်နိုင်ရန် အခွန်စိစစ်သည့်ကိစ္စရပ်များကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁၆ ရက်မှစ၍ Vehicle Automatic Valuation System (VAVS)ဖြင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ အခွန်ထမ်းပြည်သူများအနေဖြင့် https://vavs.ird.gov.mm ၌ မိမိ၏ ဖုန်းနံပါတ်ကိုအသုံးပြု၍ စနစ်အတွင်းသို့ဝင်ရောက်ပြီး မော်တော်ယာဉ်အမှတ်နှင့်လိုအပ်သောအချက်အလက်များကို ဖြည့်သွင်းပေးခြင်းဖြင့် စနစ်မှ အလိုအလျောက်တန်ဖိုးစိစစ်၍ အခွန်တွက်ချက်ပေးမည်ဖြစ်ပြီး Online Payment ဖြင့် ကျသင့်အခွန်ကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

၃။ အခွန်ပေးဆောင်ခြင်းကို VAVS စနစ်နှင့် ချိတ်ဆက်ထားသော IRD's Tax Payment Hub မှတစ်ဆင့် MPU Debit Card ဖြင့်လည်းကောင်း၊ MMQR Code ကိုအသုံးပြု၍ KBZ Pay၊ AYA Pay၊ CB Pay၊ uab Pay၊ A plus Wallet၊ Citizen Pay၊ OK$၊ Wave Money၊ Trusty Pay၊ Zego Pay၊ M-Pitesan၊ GTB Pay၊ MoMoney စသည်တို့ဖြင့်လည်းကောင်း၊ uab Bank၊ Shwe Bank၊ A Bank တို့၏ Mobile Banking စနစ်များဖြင့်လည်းကောင်း ပေးဆောင်နိုင်ပါသည်။

၄။ အခွန်ပေးဆောင်ပြီးပါက VAVS စနစ်မှရရှိသည့် အီလက်ထရောနစ်အခွန်ဆိုင်ရာစိစစ်ဆောင်ရွက်ပြီးကြောင်း ထောက်ခံချက်(e-Tax Clearance Certificate) QR Form ကို ကြည်လင်ပြတ်သားစွာထုတ်ယူ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ယာဉ်အမည်ပြောင်းကိစ္စကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၅။ ကနဦးမော်တော်ယာဉ်များ၊ ကုမ္ပဏီအမည်ဖြင့် အမည်ပြောင်းမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ ဝင်ငွေရလမ်းတင်ပြမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ မူလဆောင်ရွက်သည့် လုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာရုံးများတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက Call Center ဖုန်းနံပါတ် 1515 သို့လည်းကောင်း၊ techsupport. vavs@ird.gov.mm နှင့် callcenter.vavs@ird.gov.mm သို့ အီးမေးလ်ပေးပို့၍လည်းကောင်း၊ အခွန်ဆိုင်ရာဝန်ဆောင်မှုဌာနခွဲ(ရန်ကုန်) (၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်) (၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) (၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈)၊ အီလက်ထရောနစ်ဝန်ဆောင်မှုနည်းပညာဆိုင်ရာအကူအညီပေးရေးစင်တာ (e-Service Help Desk Center)(၀၁-၈၃၇၈၃၇၁၊ ၀၁-၈၃၇၀၁၉၅၊ ၀၁-၈၃၇၉၀၂၁)၊ နီးစပ်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်သွားရောက်၍လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၂**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် ကုန်ဈေးနှုန်းကျဆင်းရေး၊ လမ်းအဆင့်မြှင့်တင်တည်ဆောက်ပေးရေး၊ နယ်စပ်ဂိတ်ဖွင့်လှစ်ပေးနိုင်ရေး၊ လျှပ်စစ်တိုးတက်ရရှိရေး၊ ကျေးရွာဂရန်ရရှိရေးနှင့် ရပ်ကွက်သတ်မှတ်ပေးရေး၊ ပြည်သူ့စစ်မှုထမ်း ခေါ်ယူမှုကြပ်မတ်ပေးနိုင်ရေး၊ စစ်ဆေးရေးဂိတ်များ လျှော့ချပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဦးတင့်ဝေ၏ **ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေး မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက မြန်မာနိုင်ငံရှိ ပြည်သူများ နေ့စဉ်စားသုံးနေသည့် အခြေခံစားသောက်ကုန်ပစ္စည်းများ၏ ကုန်ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးတို့အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းဆန်စားသုံးမှုဖူလုံစေရေး၊ ပြည်ပသို့ စနစ်တကျတင်ပို့ရောင်းချနိုင်ရေး၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေး ဆန်၊ စပါး အခြေခံရည်ညွှန်းဈေးနှုန်းများကို အခါအားလျော်စွာ ထုတ်ပြန်ခြင်းတို့ကို မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်စေရန်၊ တိုင်းဒေသကြီး၊ ပြည်နယ် စားသုံးဆီဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးအဖွဲ့များက ဈေးနှုန်းသတ်မှတ်ပေးလျက်ရောင်းချစေလျက်ရှိပါကြောင်း။

စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကို လျှော့ချနိုင်ရေးအတွက် သယ်ယူပို့ဆောင်ရေး၊ ကုန်ထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအသုံးပြုလျက်ရှိသည့် ဒီဇယ်ဆီကုန်ဈေးနှုန်းတည်ငြိမ်စေရေးနှင့် ကုန်ဈေးနှုန်းမြင့်တက်မှုမရှိစေရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများ၏ ဈေးနှုန်းကျဆင်းစေရေးအတွက် အထောက်အကူဖြစ်စေရန် ဓာတ်မြေသြဇာတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ပြုထားပါကြောင်း၊ စားသောက်ကုန်ပစ္စည်းများ ကုန်ဈေးနှုန်းကျဆင်းရေးနှင့်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍမှ နိုင်ငံတော်အစိုးရ၏လုပ်ငန်းစဉ်တွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ စိုင်းကျော်လှ၏ **ကွန်ဟိန်းမြို့နယ် ကာလိမြို့ နမ့်လန်-ခမ်းယုံး-မွေတော်ဟိုလင်းဘုရားလမ်းမကြီးကို ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ကွန်ဟိန်းမြို့နယ် ကာလိမြို့ တာကော်ကျေးရွာအုပ်စုရှိ နမ့်လန်-ခမ်းယုံး-ဟိုလင်းမွေတော်ဘုရားလမ်းကို လက်ရှိတွင် ရာသီမရွေးသွားလာနိုင်မည့် ကွန်ကရစ်လမ်းဆောင်ရွက်ပေးနိုင်ရန် နယ်စပ်ရေးရာဝန်ကြီးဌာနကစိစစ်ခဲ့ရာ နမ့်လန်-ခမ်းယုံး ၇/၇ မိုင် လမ်းပိုင်းသည် လမ်းအကျယ် ပေ ၃၀ ရှိပြီး ခမ်းယုံး-ဟိုလင်း(မွေတော်ဘုရား)ထိ ၇/၆ မိုင်မှာ လမ်းအကျယ် ၁၅ ပေသာရှိသည့်အတွက် လက်ရှိတွင် မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်ငယ်များသာ သွားလာအသုံးပြုလျက်ရှိပါကြောင်း၊ တောင်ပေါ်ဒေသဖြစ်၍ အတက်၊ အဆင်းများပြားခြင်း၊ လမ်းဘေးရေနုတ်မြောင်းများမရှိခြင်းတို့ကြောင့် မိုးတွင်းကာလ တောင်ကျရေတိုက်စား၍ လမ်းသားပျက်စီးမှုများဖြစ်ပေါ်လျက်ရှိရာ ဒေသခံပြည်သူများ ဆက်သွယ်သွားလာအသုံးပြုရန် ခက်ခဲလျက်ရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

ယခင်ကာလများက နယ်မြေလုံခြုံရေးကန့်သတ်ခြင်းများရှိသည့်အတွက်ကြောင့် လမ်းအဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိခဲ့သော်လည်း လက်ရှိတွင် ဒေသခံပြည်သူများ လမ်းအသုံးပြုမှုများပြားလာခြင်းကြောင့် ကွန်ကရစ်လမ်းအစား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်၍ရနိုင်ပါကြောင်း။

သို့ဖြစ်၍ နမ့်လန်-ခမ်းယုံး-ဟိုလင်း(မွေတော်ဘုရား)လမ်း ၁၅/၅ မိုင်ကို ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို လာမည့်ဘဏ္ဍာနှစ်များတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု သို့မဟုတ် ပြည်နယ်အစိုးရရန်ပုံငွေတို့မှ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်ပြီး အပိုင်းလိုက်လျာထားဆောင်ရွက်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

လင်းခေးမဲဆန္ဒနယ်မှ စိုင်းထွန်းစံ ခေါ် စိုင်းဆေဟန်၏ **လင်းခေးခရိုင် ဟိုမိန်းမြို့ နားမွန်းလုံ နယ်စပ်ဂိတ်ကို တရားဝင်ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက လင်းခေးမြို့နယ် ဟိုမိန်းမြို့မြောက်ဘက်တွင် သံလွင်မြစ်နှင့် အရှေ့ဘက်တွင် မိုင်းတုံခရိုင် တောင်ဘက်တွင် ထိုင်းနိုင်ငံ အနောက်ဘက်တွင် ကယားပြည်နယ်နှင့် မောက်မယ်မြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများကြား နယ်စပ်ဂိတ်ဖွင့်လှစ်မည့်နေရာသည် နယ်နိမိတ်တိုင်းတာရေးကိစ္စရှင်းလင်းအတည်ပြုပြီးဖြစ်ရန်နှင့် လူဝင်၊ လူထွက် ဂိတ်သတ်မှတ်ဖွင့်လှစ်နိုင်ရေး နှစ်နိုင်ငံသဘောတူညီမှုရရှိထားပြီးဖြစ်ရန် အဓိကလိုအပ်မည်ဖြစ်ပါကြောင်း၊ နယ်စပ်ဂိတ်ဖွင့်လှစ်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များတောင်းခံရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုခွင့်ပြုချက်ရယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဟိုမိန်းဒေသရှိ နားမွန်းလုံနယ်စပ်ဂိတ်ကို တရားဝင်နယ်စပ်ဂိတ်အဖြစ် ဖွင့်လှစ်နိုင်ရေးအတွက် ဦးစွာတစ်ဖက်ထိုင်းနိုင်ငံနှင့် သဘောတူညီမှုရရှိရေး ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပြီး နယ်နိမိတ်တိုင်းတာရေးကိစ္စရပ်များကို ရှင်းလင်းပြီးပြတ်အောင် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဟိုမိန်းမြို့ နားမွန်းလုံနယ်စပ်ဂိတ် လက်ရှိအခြေအနေအရ "နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုရှိခြင်း၊ ဒေသတွင်းလုံခြုံငြိမ်းချမ်းမှုရှိခြင်း"အချက်အလက်များနှင့် ကိုက်ညီမှုရှိပါကြောင်း၊ သို့သော် နှစ်နိုင်ငံနယ်နိမိတ်စနစ်တကျတိုင်းတာသတ်မှတ်ရန် ကျန်ရှိနေသောနေရာဖြစ်သည့်အတွက် နောင်တစ်ချိန် နယ်စပ်ပြန်လည်တိုင်းတာရာတွင် ရည်ညွှန်းကိုးကားရမည့် မြေပြင်ပထဝီအနေအထားများ ပျက်ယွင်းမှုမရှိစေရေးနှင့် နယ်စပ်ဂိတ်ဖွင့်လှစ်ခြင်းမပြုမီ နှစ်နိုင်ငံမြေတိုင်းကျွမ်းကျင်ပညာရှင်များက မြေပြင်အခြေအနေကို ပူးတွဲကွင်းဆင်းစစ်ဆေးခြင်း၊ ပထဝီအနေအထားများကို မှတ်တမ်းတင်ခြင်း၊ ယာယီနယ်နိမိတ်ကြောင်း သတ်မှတ်ခြင်းစသည့် လုပ်ငန်းစဉ်များ ဦးစွာဆောင်ရွက်ခြင်းမပြုဘဲ နယ်စပ်ဂိတ်ဖွင့်လှစ်မည်ဆိုပါက မိမိနိုင်ငံအတွက် နစ်နာမှုများဖြစ်ပေါ်လာနိုင်သဖြင့် နယ်နိမိတ်တိုင်းတာရေးကိစ္စရပ်များပြီးပြတ်မှသာ ဆောင်ရွက်သင့်ပါကြောင်း ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၌ လျှပ်စစ်စွမ်းအင်ကဏ္ဍမည်မျှပါဝင်သည်၊ မည်သည့်လုပ်ငန်းများတွင် ဆောင်ရွက်မည့် နောက်နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် လျှပ်စစ်ကဏ္ဍ မည်သို့ဆောင်ရွက်သွားမည်၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ဆဲ၊ ရှေ့ဆောင်ရွက်မည့် အစီအစဉ်များကိုသိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ငွေလုံးငွေရင်းအသုံးစရိတ်တောင်းခံ၍ အလယ်ပေါင်းလောင်း၊ ရွှေလီ(၃)၊ အထက်ရဲရွာ၊ သူဌေးနှင့် အထက်ကျိုင်းတောင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်ပြီးစီးရန် လိုအပ်သောဘဏ္ဍာရန်ပုံငွေကို နောင်ဘဏ္ဍာနှစ်များတွင် ဆက်လက်တောင်းခံ၍ နယ်မြေအခြေအနေအရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ရင်းနှီးမြှုပ်နှံမှုအသုံးစရိတ်ကိုလျှော့ချနိုင်ရန် အလယ်ပေါင်းလောင်းစီမံကိန်းကို တရုတ်ကုမ္ပဏီနှင့် မြန်မာကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ရန် Notice to Proceed ကို ထုတ်ပေးခဲ့ပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုပါဝင်ဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ရွှေလီ(၃) စီမံကိန်းကိုလည်း နယ်မြေအခြေအနေအပေါ်မူတည်၍ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်စသည့် ပြန်ပြည့်မြဲစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် တည်ဆောက်နိုင်ရန် တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

လျှပ်စစ်ဓာတ်အားပို့လွှတ်မှုအပိုင်းတွင် ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကေဗွီ ၅၀၀ စနစ် စီမံကိန်းလုပ်ငန်း တစ်ခု၊ ကေဗွီ ၂၃၀ စနစ် စီမံကိန်းလုပ်ငန်း ၁၉ ခု၊ ၁၃၂ ကေဗွီစနစ် စီမံကိန်းလုပ်ငန်း နှစ်ခုနှင့် ၆၆ ကေဗွီစနစ် စီမံကိန်းလုပ်ငန်း ရှစ်ခုတို့ကို လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းလုပ်ငန်းများ တည်ဆောက်ပြီးစီးရန်လိုအပ်သော ဘဏ္ဍာရန်ပုံငွေကို နောင်ဘဏ္ဍာနှစ်များတွင် ဆက်လက်တောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်တောင်းခံပြီး ၆၆ ကေဗွီစနစ် စီမံကိန်းလုပ်ငန်း ရှစ်ခုနှင့် ၃၃ ကေဗွီစနစ်လုပ်ငန်း ခုနစ်ခု၊ မန္တလေးတိုင်းဒေသကြီး၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၆၆ ကေဗွီစနစ် စီမံကိန်းလုပ်ငန်း လေးခု၊ ၃၃ ကေဗွီစနစ်လုပ်ငန်း ၁၈ ခုနှင့် ၁၁ ကေဗွီစနစ် လုပ်ငန်း ၁၂ ခု၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၆၆ ကေဗွီစနစ် စီမံကိန်းလုပ်ငန်း ကိုးခုနှင့် ၃၃ ကေဗွီစနစ်လုပ်ငန်း ၂၇ ခုတို့ကို လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ပနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ချေးငွေ၊ ထောက်ပံ့ငွေ၊ နည်းပညာအကူအညီရယူထားမှုနှင့်ပတ်သက်၍ ပြန်လည်ပေးဆပ်နေဆဲ စီမံကိန်းလုပ်ငန်း ၁၅ ခု၊ နိုင်ငံခြားချေးငွေ (Loan) ဖြင့်ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲစီမံကိန်းလုပ်ငန်း ၂၀ ခုနှင့် နိုင်ငံခြားချေးငွေ(Loan)ဖြင့်ဆောင်ရွက်ရန် အဆိုပြုစီမံကိန်းများတွင် စီမံကိန်းလုပ်ငန်း ၁၅ ခုတို့သည် ယခင် ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၆ ခုနှစ်မတ် ၃၁ ရက်ထိ တာဝန်ယူခဲ့သော အစိုးရလက်ထက်စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုဖြစ်ပြီး ယခုလက်ရှိအခြေအနေတွင် ဆောင်ရွက်ပြီးစီး၍ ချေးငွေပေးဆပ်ပြီး ကိုးခု၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီး၍ ချေးငွေပေးဆပ်ဆဲ ၂၀ ခု၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ဆဲ ရှစ်ခု၊ ချေးငွေအဆိုပြုခဲ့သော်လည်းရရှိခဲ့ခြင်းမရှိသော စီမံကိန်းလုပ်ငန်း ၁၃ ခုတို့ဖြစ်ပါကြောင်း ဖြေကြားသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်နော်၏ **မောက်မယ်မြို့နယ် ဟိုနမ့်နှင့် ပန်းတန်ကျေးရွာအုပ်စုတို့တွင် လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးနှင့် မည်သို့ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ရှမ်းပြည်နယ် မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စုနှင့် ပန်းတင်ကျေးရွာအုပ်စုတို့ရှိ ကျေးရွာပေါင်း ၃၈ ရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းသွယ်တန်းခြင်း၊ ထရန်စဖော်မာတပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စုရန်ပုံငွေတွင်လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရ၏ ငွေလုံးငွေရင်းရန်ပုံငွေတွင်လည်းကောင်း နှစ်အလိုက် ထည့်သွင်းလျာထား၍ ဘဏ္ဍာငွေရရှိမှုအရ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကြံခင်းမဲဆန္ဒနယ်မှ ဦးနိုင်မင်းဦး၏ **ကြံခင်းမြို့နယ် ဘတ်ရဲမြို့တွင် 66/11 KV ဓာတ်အားခွဲရုံတစ်ခုကို မည်သည့်အချိန်တွင် စတင်တည်ဆောက်ပြီး မည်မျှကြာမည်ဖြစ်ကြောင်းနှင့် မည်သည့်အချိန်တွင် လျှပ်စစ်ဓာတ်အားပြည့်ပြည့်ဝဝသုံးရမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘတ်ရဲမြို့ အနီးပတ်ဝန်းကျင်ကျေးရွာများနှင့် ကျန်ပတ်ဝန်းကျင်ကျေးရွာ ၆၀ ကို ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၆၆ ကေဗွီ ဥသျှစ်ပင်-မြန်အောင် ဓာတ်အားလိုင်းမှ ၆၆ ကေဗွီနှစ်ထပ်ဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင်နှင့် ဘတ်ရဲမြို့တွင် ၆၆/၁၁ကေဗွီ၊ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ဓာတ်အားခွဲရုံပစ္စည်းဝယ်ယူခြင်းကို ဆောင်ရွက်ထားပြီးဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဓာတ်အားခွဲရုံတည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရန်လျာထားပြီးဖြစ်ပါသဖြင့် ဘတ်ရဲဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးပါက ဘတ်ရဲမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများကို ဘတ်ရဲဓာတ်အားခွဲရုံမှဓာတ်အားကို ဖို့အားပြည့်ဝနိုင်နင်းစွာဖြင့် **စာမျက်နှာ ၂၀ သို့**

စာမျက်နှာ ၁၉ မှအဆက်

ခတ်အားတိုးချဲ့ဖြန့်ဖြူးနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **တွံတေးမြို့နယ် ဘုရင့်နောင်နှင့် မြသီတာရပ်ကွက်တို့ကို မြေငွားဂရန်ရရှိရေး ကွင်းဆင်းဆောင်ရွက်ပေးခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တွံတေးမြို့နယ် အရပ်ခေါ် ဘုရင့်နောင်ရပ်ကွက်သည် ၁၉၉၁-၁၉၉၁ ခုနှစ်တွင် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏အစီအစဉ်ဖြင့် ဥယျာဉ်မြေမျိုးပေါ်တွင် အကွက်များဖော်ထုတ်ပြီး မြေပေးမိန့်(ပါမစ်)ချထားပေးခဲ့သည့် မြေနေရာများဖြစ်ပါကြောင်း၊ အဆိုပါမြေနေရာကို မြေငွားဂရန်ရရှိရေးဆောင်ရွက်မည်ဆိုလျှင် ဘုရင့်နောင်ရပ်ကွက်အဖြစ် တည်ရှိသည့် တလုတ္တော်ကျေးရွာအုပ်စုတွင် ပါဝင်သော ၂၃ ဒသမ ၁၈ ဧကနှင့် ရှမ်းစုကျေးရွာအုပ်စုတွင်ပါဝင်သည့် ၁ ဒသမ ၁၂ ဧကတို့ကိုထုတ်နုတ်ပြီး ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာထုတ်ပြန်ထားသော ရွှေဆံတော်ရပ်ကွက်အတွင်းထည့်သွင်းနိုင်ရေး သို့မဟုတ် ဘုရင့်နောင်ရပ်ကွက်အဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး ခွင့်ပြုချက်ရယူခြင်း၊ မြို့မြေတိုင်းတာခြင်းလုပ်ငန်းများဖြစ်သည့် ကွက်ကြဲ၊ ကွက်စိပ်တိုင်းတာခြင်းများဆောင်ရွက်ကာ မြို့မြေပိုင်ဆိုင်မှုစာရင်းကောက်ယူပြီး မြို့ကွက်မြေပုံအဖြစ် အသုံးပြုခွင့်ရရှိပြီးပါက မြေငွားဂရန်ရရှိရေးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

မြသီတာရပ်ကွက်သည် မြို့ပေါ်ရပ်ကွက်အနေဖြင့် ပါဝင်ခြင်းမရှိဘဲ တလုတ္တော်ကျေးရွာအုပ်စုအတွင်း ပါဝင်ပြီး အရပ်ခေါ်အနေဖြင့် မြသီတာရပ်ကွက်ဟု ခေါ်ဝေါ်သုံးစွဲခြင်းဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ပေးထားမှုမရှိခြင်း၊ မြို့နယ်စည်ပင်သာယာနယ်နိမိတ်အတွင်း လည်းပါဝင်မှုမရှိဘဲ တလုတ္တော်ကျေးရွာအုပ်စုအတွင်း တည်ရှိနေပါကြောင်း။

မြသီတာရပ်ကွက်အဖြစ်တည်ရှိသည့် တလုတ္တော်ကျေးရွာအုပ်စုမှ ၄၈ ဒသမ ၄၆ ဧကကို ထုတ်နုတ်ပြီး ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသော ကွမ်းခြံရပ်ကွက်အတွင်းသို့ ထည့်သွင်းနိုင်ရေး သို့မဟုတ် မြသီတာရပ်ကွက်အဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံ တင်ပြခွင့်ပြုချက်ရယူခြင်း၊ မြို့မြေတိုင်းတာခြင်းလုပ်ငန်းများဖြစ်သည့် ကွက်ကြဲ၊ ကွက်စိပ်တိုင်းတာခြင်းများဆောင်ရွက်၍ မြို့မြေပိုင်ဆိုင်မှုစာရင်းကောက်ယူပြီး မြို့ကွက်မြေပုံအဖြစ် အသုံးပြုခွင့်ရရှိပြီးပါက မြေငွားဂရန်ရရှိရေး ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်၏ **ဒလမြို့နယ် ကျေးရွာအုပ်စု ၂၃ အုပ်စုရှိ ရွာမြေများကို မြေငွားဂရန် ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တွံတေးခရိုင် ဒလမြို့နယ်အတွင်း ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာ ၅၄ ရွာရှိသည့်အနက် ညောင်ငုတ်တိုကျေးရွာအုပ်စု ညောင်ငုတ်တိုကျေးရွာကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စီမံချက်ဖြင့် ကျေးရွာမြေငွားဂရန်ဆောင်ရွက်ပေးခဲ့ပြီး ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် သပြေကုန်းကျေးရွာအုပ်စု သပြေကုန်းကျေးရွာကို ကျေးရွာမြေငွားဂရန်ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကျန်ကျေးရွာအုပ်စု ၂၃ အုပ်စုရှိ ရွာမြေများမှ ပြည်သူများအတွက် ကျေးရွာမြေငွားဂရန်ထုတ်ပေးခြင်းများ ပြုလုပ်ပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ နယ်နိမိတ်သတ်မှတ်ရေးအရာရှိနှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိများ ခန့်ထားဆောင်ရွက်နိုင်ရန် ခွင့်ပြုမိန့်များတင်ပြထားမှု မရှိခြင်း၊ မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ယခုဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားမှုမရှိခြင်းတို့ကြောင်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဦးစန်းမြင့်၏ **မြစ်သားမြို့နယ်မှ ကျေးရွာ ခုနစ်ရွာကို တရားဝင်အသိအမှတ်ပြုကျေးရွာခွဲများအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မြစ်သားမြို့နယ်မှ ကျေးရွာ ခုနစ်ရွာအနက် ဥယျာဉ်ကျေးရွာရေိယာ ၇ ဒသမ ၈၂ ဧကမြေသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(လွန်ကျော်)၏ လုပ်သားရွာနှင့် ဝန်ထမ်းအိမ်ရာမြေအဖြစ် အခြားနည်းအသုံးပြုခွင့်ရရှိထားသော မြေဧရိယာအတွင်း ပါဝင်နေပါကြောင်း၊ သို့ဖြစ်ပါ၍ ဥယျာဉ်ကျေးရွာမြေနေရာကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်စွန့်လွှတ်အပ်နှံနိုင်ခြင်းမရှိသည်ကို သဘောထားရရှိပြီးဖြစ်ပါကြောင်း။

ကျေးရွာများ စနစ်တကျဖွဲ့စည်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကျေးရွာများက အဆင့်ဆင့်တင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ထောက်ခံ၍ နိုင်ငံတော်သမ္မတထံခွင့်ပြုချက်ရရှိရေး တင်ပြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ရရှိပါက အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ်သတ်မှတ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ်ဆောင်ရွက်နိုင်ရေး မြို့၊ ကျေးရွာတိုးချဲ့ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်တင်ပြရမည်ဖြစ်ပါကြောင်း။

မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာအနက် ဥယျာဉ်ကျေးရွာမှလွဲ၍ ကျန်ကျေးရွာခြောက်ရွာကို ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားသော ကျေးရွာများအဖြစ် သတ်မှတ်နိုင်ရေးကိစ္စနှင့်ပတ်သက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကျေးရွာအုပ်စု၊ ကျေးရွာများကို တိုးချဲ့၊ ပယ်ဖျက်၊ အမည်ပြောင်းပြင်ဆင်ဖွဲ့စည်းခြင်းလုပ်ငန်း ဆောင်ရွက်ရမည့် အချက် ၁၆ ချက်နှင့် ကိုက်ညီမှုမရှိသည့်အတွက် ဖော်ပြပါဥပဒေ၊ လုပ်ထုံးလုပ်နည်းများတွင် အဆင့်အလိုက်အချိန်ယူ၍ဆောင်ရွက်ရမည့်ကိစ္စဖြစ်သဖြင့် လတ်တလောဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင်မြို့နှင့် တစ်ဆက်တည်းရှိသော ကျေးရွာများကို ရပ်ကွက်များအဖြစ်တိုးချဲ့ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ရွှေတောင်မြို့နယ်သည် သရက်တောရပ်ကွက်၊ ကြာနီကန်ရပ်ကွက်နှင့် ယွန်းတန်းရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ ကျေးရွာ ၂၈၇ ရွာဖြင့် ဖွဲ့စည်းထားရှိပါကြောင်း၊ မင်းတဲကျွန်းကျေးရွာသည် ယွန်းတန်းရပ်ကွက်အတွင်းရှိ လယ်မြေ ၁၃ဒသမ၇၅ ဧကကို မင်းတဲကျွန်းကျေးရွာဟုလည်းကောင်း၊ လယ်မြေ ၇ ဒသမ ၈၆ ဧကကို စစ်ကိုင်းကျွန်းကျေးရွာဟုလည်းကောင်း ပြောင်းရွှေ့နေရာချထားပေးပြီး ရပ်ကွက်အတွင်းတည်ရှိသည့်အတွက် ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေပုဒ်မ ၃၀(က)နှင့်အညီ လယ်မြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရန် ခွင့်ပြုမိန့်ရရှိရေး လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဆည်ကြီးကုန်း ကျေးရွာအုပ်စုတွင်ရှိသော ဖိုးခေါင်ကျေးရွာနှင့် ညောင်ဝိုင်းကျေးရွာတို့သည် သရက်တောရပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်းရှိသော ရွာမြေအမျိုးအစားဖြစ်ပါကြောင်း၊ ယင်းကျေးရွာ နှစ်ရွာကို ရပ်ကွက်အဖြစ်တိုးချဲ့ဖွဲ့စည်းလိုပါက နိုင်ငံတော်သမ္မတထံ တင်ပြဆောင်ရွက်သွားရမည်ဖြစ်ပြီး ခွင့်ပြုပါက မြို့၊ ကျေးရွာတိုးချဲ့ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အမှတ်(၁) အထည်စက်ရုံ(ရွှေတောင်) သည် သရက်ကုန်းရပ်ကွက် ဆည်ကြီးကုန်းကျေးရွာအုပ်စုနှင့် နွားမယံကျေးရွာအုပ်စုများတွင်တည်ရှိပြီး စက်ရုံနယ်မြေအတွင်းရှိ စံပြရပ်သည် သရက်ကုန်းရပ်ကွက်အတွင်းပါဝင်ပါကြောင်း၊ အောင်မြေသာရပ်သည် ဆည်ကြီးကုန်းကျေးရွာအုပ်စု ကြက်ဖြူတောင်ကျေးရွာနှင့် ညောင်ဝိုင်းကျေးရွာအတွင်းပါဝင်ပါကြောင်း၊ စံပြရပ်နှင့် အောင်မြေသာရပ်တို့သည် စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)မှ ပိုင်ဆိုင်သည့် မြေဧရိယာ ၆၁၆ ဒသမ ၉၃ ဧကအတွင်း တည်ရှိနေပြီး အဆိုပါဝန်ကြီးဌာနက ခွင့်ပြုပေးနိုင်ခြင်းမရှိကြောင်း သဘောထားမှတ်ချက်ပြန်ကြားထားသည့်အတွက် ရပ်ကွက်အဖြစ် တိုးချဲ့ဆောင်ရွက်၍ မရနိုင်ပါကြောင်း။

ကသစ်တိုင်းကျေးရွာအုပ်စု တောင်လုံးညိုကျေးရွာနှင့် မြို့ဧရိယာဖြစ်သည့် ကြာနီကန်ရပ်ကွက်ကြားတွင် ဆည်ကြီးကုန်းကျေးရွာအုပ်စု ဖိုးခေါင်ကျေးရွာ၊ သဲခုံကျေးရွာနှင့် မင်းရွာကျေးရွာတို့တည်ရှိနေခြင်း၊ နွားမယံကျေးရွာအုပ်စုရှိ နွားမယံကျေးရွာ၊ ဘယ်လက်ကျေးရွာနှင့် ဖိုးသိန်းတန်ကျေးရွာတို့သည် မြို့ဧရိယာနှင့် တစ်ဆက်တစ်စပ်တည်းမရှိသည့်အတွက် မြို့မြေအတွင်းထည့်သွင်းပြီး ရပ်ကွက်အဖြစ် တိုးချဲ့ဆောင်ရွက်၍မရနိုင်ပါကြောင်း။

ကြို့ကုန်းကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာ၊ ဒေါင်းစွန်ကျေးရွာ၊ ရွာမကျေးရွာ၊ နတ်ရေကန်ကျေးရွာ၊ သပြေလှကျေးရွာတို့နှင့် မြို့ဧရိယာဖြစ်သည့် ကြာနီကန်ရပ်ကွက်ကြားတွင် လယ်မြေ ၂၁၅ ဧကရှိပြီး မြို့မြေနှင့် တစ်ဆက်တစ်စပ်တည်းမရှိသည့်အတွက် မြို့မြေအတွင်းထည့်သွင်းဖွဲ့စည်းပြီး ရပ်ကွက်အဖြစ် တိုးချဲ့ဆောင်ရွက်၍မရနိုင်ကြောင်း ဖြေကြားသည်။

ခန္တီးမဲဆန္ဒနယ်မှ ဦးဂုဏ်ဝမ်း၏ **ခန္တီးမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေကိုကျော်လွန်ပြီး ဆောင်ရွက်နေမှုများကို မည်ကဲ့သို့ထိန်းညှိဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ခန္တီးခရိုင် ခန္တီးမြို့နယ်သည် ရပ်ကွက် သုံးရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉ အုပ်စု၊ ကျေးရွာပေါင်း ၈၁ ရွာဖြင့် ဖွဲ့စည်းထားရှိပြီး မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဆောင်ရန် အကျုံးဝင်သူ အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း အမျိုးသား ၄၉၆၈ ဦးရှိပါကြောင်း၊ ယာယီရွှေ့ဆိုင်းလျှောက်ထားနိုင်သည့် နိုင်ငံ့ဝန်ထမ်း ၁၅၉၇ ဦး၊ အခြားပြစုစောင့်ရှောက်သူမရှိသော မိဘအိုများကိုလုပ်ကျွေးနေသူ ဦးရေ ၆၂၀ နှင့် ပညာသင်ကြားနေသော တက္ကသိုလ်၊ ကောလိပ်ကျောင်းသား ၁၃၇ ဦး၊ ကိုယ်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူ ၄၁၆ ဦး၊ မူးယစ်ဆေးစွဲနေ၍ ဆေးဖြတ်ရန် မက်သဒုန်းဆေးသောက်သုံးနေသူ အမျိုးသား ၂၀၈ ဦးရှိကြောင်း စိစစ်တွေ့ရှိရပြီး ယနေ့ထိ ပြည်သူ့စစ်မှုထမ်းဆောင်ရန် ဦးရေ ၃၂၀ ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ခန္တီးမြို့နယ်အတွင်း ပြည်သူ့စစ်မှုထမ်းရန်အတွက် အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူများဟု ဖော်ပြပါရှိသည့် ဦးဆားပါ အပါ ကိုးဦးနှင့်စပ်လျဉ်း၍ စိစစ်ခဲ့ရာ ဦးဆားပါ၊ ဦးဖိုးချစ်လုံး၊ ဦးနောင်မိုင်၊ ဦးဇော်ဝင်းတို့ လေးဦးတို့သည် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေနှင့်အညီ ပြည်သူ့စစ်မှုထမ်းရမည့်သူများဖြစ်သောကြောင့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၅)တွင် သင်တန်းတက်ရောက်လျက်ရှိပါကြောင်း၊ ဦးသီဟစိုးသည် သတ်မှတ်အသက်ကျော်လွန်နေခြင်း၊ ဦးသန်းထွန်းအောင်၊ ဦးရှိန်မင်းအောင်နှင့် ဦးမင်းသန့်တို့ သုံးဦးသည် လက်ရှိပညာသင်ကြားနေသည့် ကျောင်းသားများဖြစ်ခြင်း၊ ဦးညဏ်မြင့်လှိုင်သည် မိဘအိုတို့ကို လုပ်ကိုင်ကျွေးမွေးနေသူဖြစ်ခြင်းကြောင့် သတ်မှတ်စုရပ်သို့ မပို့ဆောင်မီ မြို့နယ်စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့က မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်အပ်နှံဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါပြည်သူ့စစ်မှုထမ်းရန်ဆင့်ခေါ်ခံရသူ ကိုးဦးသည် ပုံစံ(၁)ပါအမည်စာရင်း ရေးသွင်းထားရှိသူများဖြစ်၍ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့က ပုံစံ(၂)ဖြင့်ဆင့်ခေါ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းရန်အတွက် အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်း မဟုတ်ပါကြောင်း ဖြေကြားသည်။

မိုင်းတုံမဲဆန္ဒနယ်မှ ဦးထင်အောင်ရှိန်၏ **တောင်ကြီးမြို့မှ နမ့်စန်-တာကော်-မိုင်းပျဉ်း-ကျိုင်းတုံ- တာချီလိတ်ကားလမ်းနှင့် တောင်ကြီးမြို့မှ နမ့်စန် - လင်းခေး - တာဆန်း - မိုင်းတုံ - မိုင်းဆတ်-တာချီလိတ်ကားလမ်းတစ်လျှောက်ရှိ ဌာနဆိုင်ရာစစ်ဆေးရေးဂိတ်များကိုစုစည်း၍ အရေးကြီးသောနေရာများတွင်သာ စစ်ဆေးရေးဂိတ်ဖွင့်လှစ်စစ်ဆေးခြင်းများဆောင်ရွက်၍ရနိုင်မှု ရှိ၊ မရှိ၊ အချက်အချာကျသော အရေးကြီးနေရာများတွင် X-Ray machine စက်များ ထားရှိစစ်ဆေးခြင်း၊ အချို့နေရာများတွင် mobile X-Ray machine စက်များဖြင့် ရွှေ့လျားစစ်ဆေးခြင်းများဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ၊ စစ်ဆေးရေးဂိတ်များတွင် ပြည်သူအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ဆောင်ရွက်မှုများမရှိစေရေးအတွက် မည်သည့်ဌာနက တာဝန်ယူဆောင်ရွက်ပေးမည်နှင့် မည်သို့ဆောင်ရွက်နိုင်မှုအစီအစဉ်များကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တောင်ကြီး-နမ့်စန်-ကွန်ဟိန်း-မိုင်းပျဉ်း-ကျိုင်းတုံ-တာချီလိတ် ကားလမ်းပေါ်တွင် စစ်ဆေးရေးဂိတ် ၁၆ ခုရှိရာမှ ဟိုပုံးမြို့ဝင်ထွက် စစ်ဆေးရေးဂိတ်၊ လွိုင်လင်မြို့(ပန်ခေါက်ဝိုး) လုံခြုံရေးဂိတ်နှင့် တုံတာမြို့ဝင်ထွက် စစ်ဆေးရေးဂိတ် သုံးခုကို ၂၀၂၆ ခုနှစ် ဇွန်လအတွင်း ရုပ်သိမ်းခဲ့ပြီးဖြစ်သဖြင့် လက်ရှိတွင် စစ်ဆေးရေးဂိတ် ၁၃ ခုဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်ကြီး-နမ့်စန်-လင်းခေး-မိုင်းတုံ-မိုင်းဆတ်-တာချီလိတ်ကားလမ်းပေါ်တွင် စစ်ဆေးရေးဂိတ် ၂၁ ခုရှိရာမှ ဟိုပုံးမြို့ဝင်ထွက်စစ်ဆေးရေးဂိတ်၊ လွိုင်လင်မြို့(ပန်ခေါက်ဝိုး)လုံခြုံရေးဂိတ်၊ နမ့်စန်မြို့ထွက်သံလမ်းလုံခြုံရေးဂိတ်နှင့် မိုင်းဆတ်မြို့ကာနလုံခြုံရေးဂိတ် လေးခုကို ၂၀၂၆ ခုနှစ် ဇွန်လအတွင်းရုပ်သိမ်းခဲ့ပြီးဖြစ်သဖြင့် ယင်းလမ်းကြောင်းတွင် စစ်ဆေးရေးဂိတ် ၁၇ ခုဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။

အထက်ပါလမ်းကြောင်း နှစ်ခုတို့၌ လွိုင်လင်မြို့အဝင် စစ်ဆေးရေးဂိတ်(နေမင်းရောင်လမ်းတံတားကောက်ခံရေးဂိတ်)တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက်နှစ်လုံး၊ ကျိုင်းတုံမြို့အဝင် ကျိုင်းဖောင်းစစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက်တစ်လုံး၊ မိုင်းဆတ်မြို့နယ် မိုင်းတွမ်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက်တစ်လုံး၊ တာချီလိတ်မြို့အဝင် လွယ်တော်ခမ်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက် တစ်လုံးနှင့် တာချီလိတ်မြို့အဝင် မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက် နှစ်လုံးစသည်တို့ဖြင့် စစ်ဆေးရေးဂိတ် ငါးနေရာတို့တွင် မူးယစ်ဆေးဝါးရှာဖွေရေးစက်များဖြင့် အသုံးပြု၍ စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။

X-Ray စက်များ၊ နည်းပညာမြင့်စက်ကိရိယာများ တပ်ဆင်နိုင်ခြင်းမရှိသေးသည့် ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ခရီးသည်များကို လူစုခွဲ၍စစ်ဆေးခြင်း၊ ကုန်တင်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်များ စစ်ဆေးရာတွင် ပြည်သူလူထုဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးအတွက် မသင်္ကာသော၊ သတင်းရသော မော်တော်ယာဉ်များကို ဦးစားပေးစစ်ဆေးခြင်းများဆောင်ရွက်ရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နည်းပညာမြင့် စက်ကိရိယာပစ္စည်းများကို ဘဏ္ဍာငွေခွဲဝေရရှိမှသာ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်များနှင့်အတူ ရှင်းလင်းဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ဇူလိုင် ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်**

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရက် ၂၀ မြောက်နေ့ ကျင်းပ




နေပြည်တော် ဇူလိုင် ၂၂

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရက် ၂၀ မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရက် ၂၀ မြောက်နေ့သို့တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၂ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မွန်ပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးသိန်းမြင့်၏ **မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် နှစ်စဉ်မိုးရာသီ၌ မိုးသည်းထန်စွာရွာသွန်းပြီး အတ္တရံမြစ်ရေမြင့်တက်ချိန်တွင် လမ်းရေကျော်မှုများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသည့် မော်လမြိုင်(ဟသ်ာအဝိုင်း)-ကျိုက်မရောလမ်းနှင့် ကျိုက်မရော-ကျွန်းရွာလမ်းများကို လမ်းအဆင့် ပြန်လည်မြှင့်တင်ပေးနိုင်ပါရန် အစီအစဉ်ရှိမရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မော်လမြိုင်(ဟသ်ာအဝိုင်း)- ကျိုက်မရောလမ်းပိုင်းတွင် အသွား၊ အပြန်လမ်းဒွေးလမ်းအနေဖြင့် ဆောင်ရွက်လျက်ရှိရာ အပြန်လမ်းဘက်ခြမ်းတွင်ကျန်ရှိနေသော လမ်းသားတာပေါင်လုပ်ငန်း သုံးဖာလုံ၊ အရှည်ပေ ၅၀ သံကူကွန်ကရစ်တံတား တစ်စင်း၊ Box Culvert နှစ်စင်း၊ ကတ္တရာကွန်ကရစ်ခင်းခြင်း ခြောက်ဖာလုံ၊ အုတ်စီရေမြောင်းပြုလုပ်ခြင်း သုံးဖာလုံလုပ်ငန်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရေကျော်သောလမ်းပိုင်းများတွင် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ၊ တံတားနှင့် Box Culvert များ၏ ရေလမ်းကြောင်းရှင်းပေးခြင်းလုပ်ငန်းများဆောင်ရွက်ထားရှိပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် အရှည် နှစ်ဖာလုံကို လမ်းပေါ်ရေမကျော်စေရန် လုံလောက်သော လမ်းသားမြှင့်တင်ခြင်းလုပ်ငန်းကို မွန်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျိုက်မရော-ကျွန်းရွာလမ်း၏ ရေကျော်သောအပိုင်းတွင် အရှည် ၁ ဒသမ ၅ ဖာလုံ လမ်းသားမြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့၏ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်နှင့် တောင်ကြီးခရိုင် ရပ်စောက်မြို့နယ်ချင်းဆက် မိုင် ၃၀ လမ်းကို အကျယ် ၁၂ ပေလမ်းမှ အကျယ် ၁၈ ပေ နိုင်လွှန်ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိမရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်(ဖြည့်စွက်) ရန်ပုံငွေတွင်ထပ်မံ၍ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်းလုပ်ငန်း နှစ်မိုင်၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်းချဲ့ခင်းခြင်းလုပ်ငန်း ၃ မိုင် ၁ ဖာလုံလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပင်းတယမြို့မှ ရပ်စောက်မြို့ထိ လမ်းပိုင်းကို ကတ္တရာကွန်ကရစ်(AC)လမ်းအဖြစ် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသော်လည်း လက်ရှိ ၁၂ ပေအကျယ် ကတ္တရာလမ်းမှ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ခြင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀)ဦးဇော်မြင့်၏ **မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်သို့ဆက်သွယ်ထားသော အတ္တရံတံတား(ချောင်းနှစ်ခွ)ကို အမြန်ဆုံးပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ်ရှိမရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အဆိုပါတံတား၏ပျက်စီးသွားသော တံတားတိုင်အမှတ်(P4)နှင့်(P5)ကြား သံမဏိသံဘောင် ပေ ၂၄၀ ခန်း၏နေရာတွင် ပြန်လည်တည်ဆောက်မည့် သံမဏိသံဘောင်တံတားဒီဇိုင်းပုံစံအသစ်ကို ရေးဆွဲပြီးဖြစ်၍ စက်ရုံတွင်ထုတ်လုပ်ရေးလုပ်ငန်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တံတားဖျက်သိမ်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း မြစ်ရေနည်းချိန်ကာလ ပွင့်လင်းရာသီတွင် ဒေသဆိုင်ရာလုံခြုံရေးအဖွဲ့များနှင့်ပူးပေါင်း၍ အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် တံတားအသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးညဏ်ထွန်း၏ **တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မောင်းလှော်ကျေးရွာအုပ်စုနှင့် မင်းဂုတ်ကျေးရွာအုပ်စုကျေးရွာချင်းဆက်လမ်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် သို့မဟုတ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တို့တွင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိမရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အဆိုပါလမ်း၏ အပိုင်း(၁)နှင့် အပိုင်း(၂)သည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသော လမ်းအပိုင်းတွင်ပါဝင်ပြီး အပိုင်း(၃)လမ်းအရှည် တစ်မိုင်ခန့်သည် လတ်တလောလမ်းမှတ်တမ်းစာရင်းတွင်ပါဝင်ခြင်းမရှိသေးပါကြောင်း၊ လမ်းအပိုင်း(၁)နှင့်(၂) စုစုပေါင်းလမ်းအရှည် ၂မိုင် ၂ဖာလုံခန့်ရှိ အမာခံလမ်းနှင့် မြေသားလမ်းများကို ကျောက်ခင်းလမ်း ၁မိုင် ၄ ဖာလုံကိုဆောင်ရွက်နိုင်ရန် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိနေသော အမာခံလမ်းပိုင်းများကိုလည်း ကျောက်လမ်းခင်းခြင်းလုပ်ငန်းများကို နှစ်အလိုက်ရန်ပုံငွေလျာထားသွားမည်ဖြစ်ပါကြောင်း။

ကျန်ရှိသည့် လမ်းအပိုင်း(၃) မင်းဂုတ်(အပေါ်)ရွာ၏တောင်ဘက်လမ်းပိုင်းကို လမ်းလွှဲပြောင်းသိမ်းသွင်းခြင်းလုပ်ငန်းစဉ်ပြီးစီးပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင်လျာထားနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် အရေးပါသော ခရိုင်ချင်းဆက် လမ်းမကြီး သုံးပိုင်းကို ပြည်ထောင်စုဘတ်ဂျက် သို့မဟုတ် တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေဖြင့်ထည့်သွင်း၍ အမြန်ဆုံး အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိမရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အဆိုပါလမ်းပိုင်းများတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် လမ်းပိုင်း(၁)တွင် လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်း တစ်မိုင်၊ လမ်းပိုင်း(၂)တွင် ကတ္တရာလမ်း အနိမ့်အမြင့်ဖြေညှိခြင်းလုပ်ငန်း ၁ မိုင် ၁ ဖာလုံ၊ လမ်းပိုင်း သုံးတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း နှစ်ဖာလုံနှင့် လမ်းအနိမ့်အမြင့်ဖြေညှိခြင်းလုပ်ငန်း လေးဖာလုံတို့ကို ခွင့်ပြုထားပြီးဖြစ်ပါကြောင်း။

အဆိုပါ ခရိုင်ချင်းဆက်လမ်းမကြီး (၃)ပိုင်းအား ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လမ်းပိုင်း(၁)တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း နှစ်ဖာလုံနှင့် လမ်းအနိမ့်အမြင့်ဖြေညှိခြင်းလုပ်ငန်း ခြောက်ဖာလုံ ဆောင်ရွက်ခြင်း၊ လမ်းပိုင်း(၂)တွင် လမ်းအနိမ့်အမြင့်ဖြေညှိခြင်းလုပ်ငန်း ငါးဖာလုံဆောင်ရွက်ခြင်းနှင့် လမ်းပိုင်း(၃)တွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း လေးဖာလုံနှင့် လမ်းအနိမ့်အမြင့်ဖြေညှိခြင်း လုပ်ငန်း ၁ မိုင် ၂ ဖာလုံလျာထားဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် အဆိုပါလမ်းပိုင်း သုံးပိုင်း၏ ကျန်ရှိနေသောလမ်းပိုင်းများကိုလည်း ပြုပြင်မွမ်းမံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နှစ်အလိုက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃) ဦးမြင့်သိန်း၏ **ကယားပြည်နယ် လွိုင်ကော်၊ ပင်လောင်း၊ အောင်ပန်းလမ်းခွဲထိ ရိုးရိုးကတ္တရာလမ်းမကြီးကို ၁၈ ပေအကျယ် နိုင်လွှန်ကတ္တရာလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိမရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကယားပြည်နယ် လွိုင်ကော်မြို့အဝင်လမ်းပိုင်းကို ပြည်ထောင်စုနှင့် ကယားပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေများဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ခုနစ်မီတာအကျယ် ကတ္တရာကွန်ကရစ်ခင်းခြင်း တစ်မိုင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင်လည်း ပြည်ထောင်စုနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေများဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာတွင် ၂၃ပေ(ခုနစ်မီတာ)အကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း ၄ မိုင် ၅ ဖာလုံ၊ ကွန်ကရစ်ခင်းခြင်း ၁ မိုင် ၃ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်းမှ ၂၄ ပေ အကျယ်ရရန် ဒုအခြေခံလွှာချဲ့ခင်းခြင်း ငါးဖာလုံ၊ ၁၂ပေအကျယ်မှ ၁၈ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း သုံးဖာလုံ၊ ၁၈ပေအကျယ်ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၂ မိုင် ၁ ဖာလုံ၊ နောင်တရားမြို့တွင်း လမ်းသားတာပေါင်ချဲ့ခြင်း ၁ မိုင် ၂ ဖာလုံ၊ လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၁ မိုင် ၃ ဖာလုံနှင့်ကျောက်စီရေမြောင်းနှင့် ကျောက်စီမြေကာနံရံတည်ဆောက်ခြင်း ၂၆၂၅ ပေ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်းကို အများပြည်သူအသုံးပြုမှုများပြားသော မြို့တွင်းလမ်းပိုင်းများတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်လျာထားပြီးသည့်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်လမ်းပိုင်းများကိုလည်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်လျာထားသည့်အတိုင်း ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် ထိုင်းလွှတ်တော်ချစ်ကြည်ရင်းနှီးရေးအသင်းများဖွဲ့စည်းရန် လွှတ်တော်၏သဘောထားရယူပြီး မြန်မာ-ထိုင်း လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးချစ်ဆွေနှင့် အတွင်းရေးမှူးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းထွန်းအောင်တို့အပါအဝင် အဖွဲ့ဝင် ၁၀ ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်၏အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် ထိုင်းလွှတ်တော်ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်းနှင့် အသင်းများတွင်ပါဝင်သည့်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကို အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်၊ ဖြည့်စွက်လိုသည့် ပုဒ်မ၊ ပုဒ်မခွဲများကို လွှတ်တော်သို့ တင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ချင်းပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ပီကျိန်ငိုက်မန်က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်၊ ဖြည့်စွက်လိုသည့် ပုဒ်မ၊ ပုဒ်မခွဲများကို လွှတ်တော်သို့တင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဦးအောင်ကျော်မင်းက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရက် ၂၀ မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ဇူလိုင် ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသား လွှတ်တော် ရုပ်သံဖိုင် ကြည့်ရန်

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီနှင့် Naypyitaw State Polytechnic University တို့ ပူးပေါင်းဆောင်ရွက်သည့် လူငယ်စကားဝိုင်းကျင်းပ



**နေပြည်တော် ဇူလိုင် ၂၂**

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီနှင့် Naypyitaw State Polytechnic Universityတို့ ပူးပေါင်းဆောင်ရွက်သည့် လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းတွင် Naypyitaw State Polytechnic University ၌ ကျင်းပရာ ဦးစွာ Naypyitaw State Polytechnic University ကျောင်းသား၊ကျောင်းသူများက "Welcome to NSPU" သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက AI အသိပညာဆွေးနွေးပွဲမှသည် AI ကို မြင့်သည်ထက်မြင့်အောင် တီထွင်နိုင်စေရန်ဖြစ်ကြောင်း၊ သုံးစွဲသူကျင့်ဝတ်နှင့်အညီ လူငယ်အိပ်မက်များကို AI နည်းပညာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြား၍ Naypyitaw State Polytechnic University ကျောင်းအတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ဒုတိယပါမောက္ခချုပ်က လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က နည်းပညာခေတ်ဖြစ်သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်များပါဝင် အကြံပြုတိုင်ပင်ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားပြီး ဦးဆောင်ဆွေးနွေးမည့် စွန့်ဦးတီထွင် လူငယ်ကိုယ်စားလှယ်နှင့် ပါဝင်ဆွေးနွေးမည့် ကျောင်းသား၊ ကျောင်းသူလေးဦးကိုဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် "AI နှင့်အနာဂတ်လူငယ်" ခေါင်းစဉ်ဖြင့် လူငယ်ကိုယ်စားလှယ်နှင့် ကျောင်းသား၊ ကျောင်းသူ လေးဦးတို့က အသိပညာပေးဆွေးနွေးကြရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက AI နှင့်ပတ်သက်သည့် သိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လှဲ့လှဲ့သိန်း၊ ဒုတိယဝန်ကြီး ဦးစစ်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူငယ်ကိုယ်စားလှယ်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့တို့တွင် ဦးစီးဌာနရုံး ၁၁၀ ဖွင့်လှစ်၊ ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများအပါအဝင် အရာထမ်း၊ အမှုထမ်း ၄၀၀၃ ဦးဖြင့် လုပ်ငန်းတာဝန်များထမ်းဆောင်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၂**

ဖလမ်းမြို့နယ်တွင် ဦးစီးဌာနရုံး ၃၈ ရုံး ဖွင့်လှစ်နိုင်ပြီဖြစ်ပြီး ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများ အပါအဝင် အရာထမ်း၊ အမှုထမ်း ၁၃၉၇ ဦးဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေပြီဖြစ်ကြောင်းနှင့် ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့တို့တွင် ဦးစီးဌာနရုံး ၁၁၀ ဖွင့်လှစ်လျက်ရှိပြီး ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများအပါအဝင် အရာထမ်း၊ အမှုထမ်း ၄၀၀၃ ဦးဖြင့် ဌာနဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ယနေ့တွင် ဖလမ်းမြို့ရှိ မီးသတ်တပ်ဖွဲ့ရုံး၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် အမှုထမ်း၊ အရာထမ်းဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကားပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာတွင် ရုံးများ၊ ဆေးရုံနှင့် ကျောင်းများ၊ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများအပြင် အသေးစား၊ အငယ်စား၊အလတ်စား စီးပွားရေးလုပ်ငန်းများ၊ သမဝါယမစနစ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဦးစားပေးအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

## ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

## အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲ ကျင်းပ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၂**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက လက်ဝှေ့သရုပ်ပြယှဉ်ပြိုင်မှုနှင့် ပထမနေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဇူလိုင် ၂၈ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ဟ၀၁)

## အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၂**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် ခိုလမ်တပ်နယ်(က)အသင်းနှင့် ခိုလမ်တပ်နယ်(ခ)အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် ဇူလိုင် ၂၇ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(ဟ၀၁)

## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၂**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် မန္တလေးတပ်နယ်ကိုယ်စားပြု အမျိုးသား ဘော်လီဘောအသင်းနှင့် ကျောက်ဆည်တပ်နယ် ကိုယ်စားပြု အမျိုးသား ဘော်လီဘောအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အမျိုးသားပြိုင်ပွဲဝင်အသင်း ၁၀ သင်း၊ အမျိုးသမီးပြိုင်ပွဲဝင်အသင်း ၁၀ သင်းတို့ဖြင့် အုပ်စုနှစ်စုစီခွဲကာ ဇူလိုင် ၃၁ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ဟ၀၁)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Zaw Zaw Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အင်တိုင်းကျေးရွာနေ ဇော်ဇော်အောင် ခေါ် ဇော်ဇော်ကို ညနေ ၃ နာရီ ၅၅ မိနစ်တွင် ရမည်းသင်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(ဟ၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားများ ကျင်းပ



ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် ဇူလိုင် ၂၂

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နယ်မြေလုံခြုံရေးတာဝန်များထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားများကို ယနေ့ ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌လည်းကောင်း၊ ဝန်းသိုမြို့ရှိ နယ်မြေခံတပ်ရင်း၌လည်းကောင်း၊ ကျောက်မြောင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ လည်းကောင်း အသီးသီးပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊အမှုတ်၊အက၊အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ယင်းနောက် သက်ဆိုင်ရာ တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

❖ ဂုဏ်ပြုကြိုဆိုမှု

တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီးအမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများသို့ အသိပေးကြေညာခြင်း

၂၀၂၆ ခုနှစ် ဇူလိုင် ၂၂ ရက်

၁။ လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများအနေဖြင့် မသမာသောနည်းလမ်းများကိုအသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများ ပြုလုပ်ထားပါက ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့အသိပေးလာပါက ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို Control Center များမှ စစ်ဆေးတွေ့ရှိရပါက ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို ပြည်သူသို့ အသိပေးပန်ကြားချက်အဖြစ် ၂၀၂၆ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ မသမာသောနည်းလမ်းများကို အသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲနေသူများက သက်ဆိုင်ရာဌာနအသီးသီးသို့ ဆက်သွယ်အသိပေးလျက်ရှိနေကြပြီဖြစ်ရာ အောက်ပါအတိုင်း ဖြေလျှော့ပေးလျက်ရှိပါသည်-

(က) ဓာတ်အားဖြတ်တောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း ၊

( ခ ) ဒဏ်ကြေးငွေကျပ် ၃၀၀,၀၀၀/- တောင်းခံခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊

( ဂ ) ၂၀၁၄ ခုနှစ် လျှပ်စစ်ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဃ) တရားမဝင် ဓာတ်အားရယူသုံးစွဲမှုများအတွက် လျော်ကြေးငွေတွက်ချက်ရာတွင် မူလသတ်မှတ်ချက်၏ ၅၀ ရာခိုင်နှုန်းကိုသာကောက်ခံခြင်း၊

၃။ လျှပ်စစ်ဓာတ်အား တရားမဝင်ရယူသုံးစွဲမှုများ လျော့နည်းပပျောက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အား မရရှိသေးသည့် ပြည်သူများသို့ ပိုမို၍တိုးမြှင့် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရာ ပြည်သူများအနေဖြင့် ကိုယ်ချင်းစာစိတ်များဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## ထူးခြားသည့် နေ့အပူချိန်များ ( ၂၂ - ၇ - ၂၀၂၆ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| တံတားဦး | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | ရွှေဘို | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မြင်းမူ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မိုင်းယန်း | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ရေဦး | ၃၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

## ၂၂-၇-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၁၁၀,၉၆၈.၂၇ | ၁,၃၄၄,၀၅၆.၃၅ | ၃၂,၃၂၆,၂၅၄.၃၀ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ ဓာတ်မြေဩဇာ၊ ကား၊ဆိုင်ကယ်အပိုပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ စားသုံးကုန်စည်၊ တိရစ္ဆာန်အစာ၊ ကတ္တရာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၉ သန်းအား စားသုံးဆီကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁ သန်းအား CMP ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## ၂၀၂၆ ခုနှစ် ဇူလိုင် ၂၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၉၀၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ခါမ်းပါတ်မြို့နယ် ကမ္ဘူကြီးကျေးရွာ သာသနပါလကျောင်းတိုက်အား ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကမ္ဘူကြီးကျေးရွာစာသင်ကျောင်းအား ပြန်လည်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ခါမ်းပါတ်မြို့နယ် ကမ္ဘူကြီးကျေးရွာအဝင်၌ ဂိတ်စခန်းဆောက်လုပ်ထားမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ကျေးရွာအတွင်းရှိ လူနေအိမ်များအတွင်း၌ ဘန်ကာများ ပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများက ကမ္ဘူကြီးကျေးရွာအတွင်း ခံစစ်စခန်းများပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ကမ္ဘူကြီးကျေးရွာအတွင်း ခံစစ်စခန်းများ ပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ၏ လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

**◆ သိမ်းပိုက်ရရှိမှုအဆက်**

ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် ဒေသခံပြည်သူလူထုနှင့် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကအရေးပါသည့် လမ်းကြောင်းတစ်ခုဖြစ်သော ကလေး-တမူးလမ်းကြောင်း တစ်လျှောက်ကို ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက်လည်း အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ ကလေး-တမူး လမ်းကြောင်း တစ်လျှောက်ကို ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက် စနစ်တကျ စုဖွဲ့ပြင်ဆင်ပြီး စစ်ကြောင်းများခွဲကာ ဇွန် ၇ ရက်မှစ၍ ဟန်ချက်ညီညီဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ တမူးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ရန်လင်းဖိုင်ကျေးရွာနှင့် အဆိုပါဒေသတစ်ဝိုက်ကို ဇွန် ၁၀ ရက်တွင်လည်းကောင်း၊ ကလေးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ကလေး-တမူး လမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ အဆင့်ဆင့်ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဇွန် ၂၀ ရက်တွင် ခါမ်းပါတ်မြို့ကိုလည်းကောင်း၊ ဇွန် ၃၀ရက်တွင် ခါမ်းပါတ်မြို့မြောက်ဘက်ရှိ ကနန်ကျေးရွာကိုလည်းကောင်း ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို နေ့မအား ညမအား အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ခါမ်းပါတ်မြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် အကြမ်းဖက်သောင်းကျန်းသူများ ယာယီအခြေပြုနေထိုင်သည့် ကမ္ဘူကြီး(ချင်း)ကျေးရွာကို ဇူလိုင် ၁၉ ရက်တွင်လည်းကောင်း၊ ကမ္ဘူကြီး(ဗမာ)ကျေးရွာကို ဇူလိုင် ၂၁ ရက်တွင်လည်းကောင်း အသီးသီးထပ်မံသိမ်းပိုက်ရရှိခဲ့သည်။ ထိုသို့တိုက်ခိုက်သိမ်းပိုက်စဉ် အကြမ်းဖက် သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အကြမ်းဖက် သောင်းကျန်းသူများသည် အဆိုပါကျေးရွာများနှင့် ၎င်းဒေသတစ်ဝိုက်ကို ယာယီစိုးမိုးထားစဉ် ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားကို မငဲ့ကွက်ဘဲ ကျေးရွာရှိပြည်သူများ၏ နေအိမ်များ၊ ဘာသာရေးအဆောက်အအုံများ၊ ပြည်သူပိုင်အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ နေအိမ်နှင့် ဈေးဆိုင်များအတွင်းမှ အသုံးအဆောင်ပစ္စည်းများနှင့် တန်ဖိုးရှိပစ္စည်းများကို အတင်းအဓမ္မယူဆောင်အသုံးပြုခြင်း၊ နေအိမ်များအတွင်း ပစ်ကျင်းများ၊ ဘန်ကာများ၊ ကတုတ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများပြုလုပ်ကာ မြို့ရွာများအတွင်း တိုက်ပွဲများဖော်ဆောင်ခြင်း၊ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် လမ်းများတွင်ဂိတ်စခန်းများတည်ဆောက်၍ အနိုင်ကျင့်ဗိုလ်ကျဆက်ကြေးကောက်ခြင်း၊ ကျေးရွာအတွင်းလမ်းမများပေါ်တွင် မိုင်းထောင်ထားခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည်ကို တွေ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဒေသခံပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်းကုန်စည်စီးဆင်းမှုအတွက် များစွာအထောက်အကူပြုအရေးပါသည့် ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းကို အမြန်ဆုံးပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကြောင့် ပျက်စီးခဲ့ရသည့် အခြေခံအဆောက်အအုံများ ပြန်လည်ပြုပြင်ပေးခြင်းလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဌာနများအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟို)

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KNLA အဖွဲ့နှင့် PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး တစ်ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်



ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကျင်းပစဉ်။




တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးထံ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးက လက်နက်အပ်နှံစဉ်။

**နေပြည်တော် ဇူလိုင် ၂၂**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် KNLA အဖွဲ့နှင့် PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း ၁၉ ဦးတို့သည် လက်နက်၊ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြရာ ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့်အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA -1 သေနတ် တစ်လက်၊ MA-4 သေနတ် တစ်လက်၊ M-79 သေနတ် တစ်လက်၊အီနာဂါဗုံးသီးတစ်လုံး၊လက်ပစ်ဗုံး သုံးလုံး၊ ၅ ဒသမ ၅၆ မမကျည် ၉၅ တောင့်၊ ကျည်အိမ် လေးခုနှင့် စနက်တံ တစ်ချောင်းတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို မောင်းပြန်ရိုင်ဖယ် သုံးလက်အတွက် ဆုကြေးငွေကျပ်သိန်း ၁၅၀၊ အီနာဂါဗုံးသီး တစ်လုံးအတွက် ဆုကြေးငွေကျပ်သုံးသိန်း၊ လက်ပစ်ဗုံး သုံးလုံးအတွက် ဆုကြေးငွေကျပ်ကိုးသိန်းနှင့် အလင်းဝင်ရောက်လာသူ ၁၉ ဦးကို တစ်ဦးလျှင် ဆုကြေးငွေကျပ် သုံးသိန်းစီ ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ အလင်းဝင်ရောက်လာသူများ၏ကိုယ်စား အလင်းဝင်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထိုသို့ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသူများမှာ လက်ပံတန်းမြို့မှ အမျိုးသား တစ်ဦး၊ ပြည်မြို့မှ အမျိုးသား တစ်ဦး၊ ကျောက်တံခါးမြို့မှ အမျိုးသား သုံးဦး၊ ကြို့ပင်ကောက်မြို့မှ အမျိုးသား တစ်ဦး၊ ပေါင်းတည်မြို့မှ အမျိုးသားသုံးဦး၊ ညောင်လေးပင်မြို့မှ အမျိုးသား ငါးဦးနှင့် အမျိုးသမီး တစ်ဦး၊ နတ်တလင်းမြို့မှ အမျိုးသား တစ်ဦး၊ မင်းလှမြို့မှ အမျိုးသား နှစ်ဦး၊ ပေါက်ခေါင်းမြို့မှ အမျိုးသားတစ်ဦး၊ စုစုပေါင်း ၁၉ ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့်နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-





“ကျောင်းတက်တုန်းက ကျောင်းအုပ်ကြီးက CDM လုပ်ပြီးတော့ သူ့တပည့်ဆိုတော့ သူနဲ့ပါသွားတာ။ ပထမတစ်ခေါက်ထွက်ပြေးတုန်းကတော့ လက်နက်သုံးလက်ပါသွားတယ်ပေါ့။ တစ်ယောက်ထဲပြေးတာ ပြေးတဲ့အချိန်မှာ KNU ဂိတ်တွေကအများကြီးပဲ။ ကိုယ်က တောလမ်းကနေပတ် တစ်ခါပတ်လဲ ဂိတ်ပြန်ရောက်၊ နှစ်ခါပတ်လဲ ဂိတ်ပြန်ရောက်နဲ့ ပြန်မိသွားတာ။ ဟိုရောက်သွားလို့ရှိရင် သူတို့က ငါတို့ကို မျှားခေါ်တာလား။ ငါတို့ကို ထုမှာလား။ ထောင်းမှာလား။ ဒီထဲရောက်လာတဲ့အချိန်မှာတော့ ကိုယ်ထင်ထားသလိုမဟုတ်ဘူးပေါ့။ ကိုယ့်အပေါ် အများကြီးကောင်းခဲ့တယ်။ အများကြီး နားလည်မှုပေးကြတယ်ပေါ့။ အခုလက်ရှိကျန်ခဲ့တဲ့ရဲဘော်တွေကတော့ ကျွန်တော့်ကို အခုကြည့်နေတယ်ဆိုရင်တော့ လာခဲ့ကြပါလို့ပဲ ဖိတ်ခေါ်ချင်ပါတယ်”ဟု ပြောသည်။

“ရောက်ရှိခဲ့တဲ့ အဖွဲ့အစည်းကတော့ KNU တပ်မဟာ(၃) ရောက်ရှိခဲ့တာပါ။ အသက်ကတော့ခုမှ ၂၀ ပြည့်တာပေါ့။ အားကစားသိပ္ပံ တက်မယ်ဆိုပြီးတော့ သူငယ်ချင်းတွေရဲ့ ဆွယ်မှုကြောင့် ဟိုဘက်ထဲရောက်သွားတယ်။ ရောက်ပြီးတော့ ကိုယ်ဖြစ်ချင်တဲ့အရာနဲ့ လုံးဝဆန့်ကျင်ဘက်ကြီးဖြစ်သွားတာပေါ့။ လှူတဲ့ပိုက်ဆံတွေ၊ ရတဲ့ပိုက်ဆံတွေကတော့ ဘာတွေဝယ်တယ်။ ဘာတွေလုပ်လဲတော့ မသိဘူးပေါ့ လစာမရှိဘူး။ ပထမတစ်နှစ် ဖာပွန်မသွားခင်မှာထဲက စိတ်ကုန်တာ စိတ်ပျက်တာပေါ့။ ဒါပေမဲ့ ပြန်လာဖို့ကျတော့ အခွင့်အလမ်းမရခဲ့တဲ့အတွက် အချိန်တွေ နည်းနည်းလေးကြာသွားခဲ့တယ်။ အခုဒီနောက်ပိုင်းမှာ ချိတ်ဆက်ပြီး ဒီဘက်ကို ပြန်ပြီး အခြေချခဲ့တာပေါ့။ ဒီဘက်ကတော့ ကိုယ်လုံးဝမထင်ထားတဲ့ အရာမျိုးနဲ့ ကြိုဆိုတာပေါ့။ အရမ်းလဲ ဝမ်းသာပါတယ်။ ဒီလိုမျိုးကြိုဆိုမှုအတွက် ကျေးဇူးလဲတင်ပါတယ်။ ပြောမပြတတ်လောက်အောင် ပျော်တာပေါ့နော်။ ကိုယ့်မိသားစုနဲ့ကိုယ် အတူပြန်နေရတယ်။ ကိုယ်လုံးဝရည်မှန်းထားတဲ့ အရာကိုလဲ ပြန်ပြီးတော့ ဖြည့်ဆည်းလို့ရတာပေါ့။ တိုက်တွန်းချင်တာကတော့ ဦးနှောက်ပါတဲ့လူတစ်ယောက်ကတော့ ဒီအရာကို ဘယ်လိုတွေးတယ်။ ဘယ်လိုလုပ်လဲ၊ ဘယ်လိုဖြတ်သန်းရလဲဆိုတာကို ဆုံးဖြတ်လို့ရတာပေါ့။ တစ်ဖက်လူရဲ့ တွန်းအားပေးမှုကြောင့် သူများလုပ်တဲ့အတိုင်း လိုက်မလုပ်ဖို့လဲ ပြောချင်ပါတယ်။ ကျွန်တော် ဒီကနေပြီးတော့ ဖိတ်ခေါ်ပါတယ်”ဟု ပြောသည်။

(၅၀၁)

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၂**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# မိုင်းနောင်မြို့နှင့် သန်လျင်မြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များနှင့် ဒေသခံပြည်သူများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၂**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ၊ သူနာပြုများ၊ ပရဟိတအသင်းဝင်များနှင့် ပူးပေါင်းကာ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့ရှိ နမ့်ခုံးရှမ်းများ ပရဟိတအသင်းရုံးကုသိုလ်ဖြစ် ဆေးခန်း၌ အခြေပြု၍ အဆိုပါမြို့ပေါ် ငါးရပ်ကွက်မှ သက်ကြီးဘိုးဘွား ၁၅၅ ဦးတို့ကို သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး သက်ကြီးဘိုးဘွားများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာရှိ နတ်စင်တစ်ရာကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် နှစ်ပါး၊ သာသနာ့နွယ်ဝင်သီလရှင် တစ်ပါးနှင့် ဒေသခံပြည်သူ ၂၃၈ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၇ ထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၇၆ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံ ဖောက်ခွဲဖျက်ဆီးမှုပြမြေပုံ။






ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၇ ထပ် အဆောက်အအုံကို ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်နေမှု တွေ့ရစဉ်။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၇ ထပ် အဆောက်အအုံ မဖြိုဖျက်မီ တွေ့ရစဉ်။





ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၇ ထပ် အဆောက်အအုံ ဖြိုဖျက်ပြီး တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၂**

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများကို အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၁၇ ထပ် အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ၁၇ ထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့ထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၇၆ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ တစ်လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တရားမမှုတွင် တစ်ဆက်တည်းသက်သာခွင့်ပါတောင်းဆို

စိန်လှိုင်ဗိုလ်

တရားမကြီးအမှုကိုစွဲဆိုမည်ဆိုပါလျှင် တရားလိုသည် ကနဦးအစမှာပင် ကြိုတင်ပြင်ဆင်ရန်လိုအပ်သည်။ တတ်ကျွမ်းနားလည်သူ ရှေ့နေရှေ့ရပ်များနှင့်တွေ့ဆုံဆွေးနွေးတိုင်ပင်ရန်လည်း လိုအပ်သည်။ သို့ပါလျက် "ပမာဒလေခ"ဆိုသလို ချွတ်ချော်တိမ်းပါးမှုများလည်းရှိခဲ့ဖူးသည်။ အမှုတစ်မှုတွင် မူလရုံး၊ ပထမပြင်ဆင်မှုရုံးအဆင့်ဆင့်ကို ဖြတ်သန်းကျော်လွန်ခဲ့ပြီးနောက် တရားရုံးချုပ်အဆင့် ရောက်ရှိခဲ့သည်။ အမှုကို ပြင်ဆင်မှုတင်သွင်းခဲ့ခြင်းဖြစ်ရာ တရားရုံးချုပ်က မူလရုံး(မြို့နယ်တရားရုံး)နှင့် ပထမပြင်ဆင်မှုတရားရုံး၏အမိန့်တို့ကို ပြင်ဆင်ပယ်ဖျက်တည့်မတ်ပေးခဲ့ရသောအမှုတစ်မှုဖြစ်သည်။

**စာချုပ်တစ်ခုသည် အကျိုးသက်ရောက်မှုမရှိ မြွက်ဟကြေညာပေးရန် သက်သက်သာတောင်းဆိုရမည် သို့မဟုတ် ပယ်ဖျက်ပေးရန်တောင်းဆိုရမည်ဟု အငြင်းပွားသည့်အမှုမျိုးတွင် မည်သူ့တွင် ပျက်ပြယ်ကြောင်း သက်သေပြရန်တာဝန်** ကျရောက်သည်ကို ရုံးတော်မှ ဆုံးဖြတ်ပေးမည်ဖြစ်သည်။

အမှုတစ်ခုတွင် စာချုပ်တစ်ခုသည် အကျိုးသက်ရောက်မှုမရှိဟုမြွက်ဟကြေညာပေးရန် သက်သက်သာတောင်းဆိုရမည် သို့မဟုတ် ပယ်ဖျက်ပေးရန်တောင်းဆိုရမည်ဟု အငြင်းပွားမှုရှိခဲ့သော် ၎င်းစာချုပ်သည် ပျက်ပြယ်ကြောင်းသက်သေအထောက်အထားတင်ပြရန်တာဝန်သည် တရားလိုအပေါ် ကျရောက်သလော၊ တရားပြိုင်အပေါ် ကျရောက်သလောဟူသောအချက်ကို စိစစ်ရမည်ဟု မိန့်ဆိုပါသည်။

**ဤတာဝန်သည် တရားလိုအပေါ်ကျရောက်သလော၊ တရားပြိုင်အပေါ်ကျရောက်သလော** ဟူသည့်အချက်ကို စိစစ်ရပေမည်။ ဤတာဝန်သည် တရားလိုအပေါ်ကျရောက်ပြီး တရားရုံးက ချမှတ်သောအမိန့်သည် စာချုပ်ကိုပယ်ဖျက်လိုက်သည့်သဘောသက်ရောက်လျှင် စာချုပ်ပယ်ဖျက်ပေးရန် အကျိုးဆက်သက်သာခွင့်ကိုပါ တောင်းဆိုရပေမည်။

အမှုတစ်ခုတွင်ဖြစ်သည်။ ဦးရွှေဇံအောင်က ဒေါ်မွေးအိမ်၏ မောင်ဖြစ်သည်။ ဒေါ်ဖွားမေသည် မိခင်ဖြစ်သည်။ လျှောက်ထားခံရသူအမှတ်(၂) မိခင် ဒေါ်ဖွားမေသည် မိမိပိုင် ငွေလေးသောင်းခန့်တန်ဖိုးရှိ လက်ဝတ်လက်စားများကို မော်လမြိုင်မြို့ မှတ်ပုံတင်အရာရှိရုံး၏မှတ်ပုံတင်စာချုပ်အမှတ် (၁၉/၆၈) အရ သားဖြစ်သူ ဦးရွှေဇံအောင်ကို လွှဲပြောင်းပေးခဲ့သည်။ ထို့နောက် မော်လမြိုင်မြို့မှတ်ပုံတင်အရာရှိရုံး စာချုပ်အမှတ် (၂၄/၇၀)အရ မိခင် ဒေါ်ဖွားမေသည် ဦးရွှေဇံအောင်အား သံဖြူဇရပ်ရှိကျပ်ငွေလေးသောင်းကျော်တန် ဆန်စက်တစ်လုံးကိုလည်း လွှဲပြောင်းပေးခဲ့သည်။

ဤကဲ့သို့လွှဲပြောင်းပေးခြင်းမှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားမဝင်ဟု ဒေါ်မွေးအိမ်က ဆိုပြီး ယခင်မော်လမြိုင်မြို့ ခရိုင်တရားမရုံး တရားမကြီးမှုအမှတ်(၂/၇၂)တွင် ဦးရွှေဇံအောင်နှင့် မိခင်ဒေါ်ဖွားမေတို့အပေါ် တရားစွဲဆိုခဲ့သည်။ ၎င်းအမှုတွင် အထက်၌ ဖော်ပြပါစာချုပ်နှစ်ခုတို့သည် တရားမဝင်ကြောင်း၊ ပျက်ပြယ်ကြောင်း၊ ၎င်းစာချုပ်တို့သည် လျှောက်ထားခံရသူအမှတ်(၁) ဒေါ်မွေးအိမ်အပေါ်တွင် မလွှမ်းမိုးကြောင်း မြွက်ဟကြေညာပေးရန်နှင့် မိခင်ဒေါ်ဖွားမေသည် ပစ္စည်းများကို လွှဲပြောင်းခြင်းမပြုရန် ထာဝစဉ်တားဝရမ်းထုတ်ပေးပါမည့်အကြောင်း တောင်းဆိုခဲ့သည်။

မော်လမြိုင်မြို့ ခရိုင်တရားမရုံးတွင် အောက်ပါ ပဏာမငြင်းချက်သုံးခုတို့ကို ထုတ်ခဲ့သည်။

(၁) ယခုအမှုသည် တရားလိုဘက်မှ တင်ပြသကဲ့သို့ သက်သေခံစာချုပ်များကိုဥပဒေအရ တစ်စုံတစ်ရာအကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးရန် စွဲဆိုသောအမှုမဟုတ်ဘဲ တရားပြိုင်ဘက်မှ တင်ပြသကဲ့သို့ ထိုစာချုပ်များကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းဖြစ်ပါသလား။

(၂) ယခုအမှုတွင်လုံလောက်သောရုံးခွန်တော်များ ထမ်းဆောင်ခဲ့ပါသလား။

(၃) တရားလိုသည် ယခုအမှုကို စွဲဆိုနိုင်ခွင့်ရှိ၊ မရှိ။

နှစ်ဖက်ရှေ့နေများ၏ လျှောက်လဲချက်ကို ကြားနာပြီး ပဏာမငြင်းချက်များကို မူလအမှုတွင် တရားလိုဖြစ်သည့် လျှောက်ထားခံရသူအမှတ်(၁) ဒေါ်မွေးအိမ်ကို အသာပေး၍ဖြေဆိုခဲ့သည်။ မော်လမြိုင်မြို့နယ်တရားရုံး၏အမိန့်ကိုမကျေနပ်၍ မွန်ပြည်နယ်တရားရုံးသို့ လျှောက်ထားသူ ဦးရွှေဇံအောင်က ပြင်ဆင်မှုလျှောက်လွှာတင်ခဲ့ပါသော်လည်း မအောင်မြင်ပါသဖြင့် အထက်ရုံးတော်သို့ ဤပြင်ဆင်မှုကို ထပ်မံတင်သွင်းခြင်းဖြစ်သည်။



**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ဤအမှုတွင် စဉ်းစားရန်အဓိကအချက်မှာ အယူခံတရားပြိုင်အမှတ်(၁) (မူလအမှုမှ တရားလို) တင်ပြခဲ့သည့်အတိုင်း အထက်ဖော်ပြပါစာချုပ်များသည် ဥပဒေအရတစ်စုံတစ်ရာ **အကျိုးသက်ရောက်မှုမရှိကြောင်းတောင်းဆိုရုံမျှဖြင့် လုံလောက်မည်လော သို့မဟုတ် ၎င်းစာချုပ်များကို ပယ်ဖျက်ပေးရန် တောင်းဆိုသင့်သလောဟူသည့်အချက်ကို ဆင်ခြင်သုံးသပ်ခဲ့သည်။**

အမှုတစ်ခုတွင် စာချုပ်တစ်ခုသည် အကျိုးသက်ရောက်မှုမရှိဟု မြွက်ဟကြေညာပေးရန် သက်သက်သာတောင်းဆိုရမည် သို့မဟုတ် ပယ်ဖျက်ပေးရန်တောင်းဆိုရမည်ဟုအငြင်းပွားမှုရှိခဲ့သော် ၎င်းစာချုပ်သည် ပျက်ပြယ်ကြောင်း**သက်သေအထောက်အထားတင်ပြရန်တာဝန်သည် တရားလိုအပေါ် ကျရောက်သလော၊ တရားပြိုင်အပေါ် ကျရောက်သလောဟူသောအချက်ကို ဗဟိုတရားရုံးက ဆက်လက်စိစစ်ခဲ့ပါသည်။**

ဤတာဝန်သည် တရားလိုအပေါ်ကျရောက်ပြီး **တရားရုံးမှချမှတ်သည့်အမိန့်သည် စာချုပ်ကို ပယ်ဖျက်လိုက်သည့်သဘောသက်ရောက်လျှင် စာချုပ်ပယ်ဖျက်ပေးရန် အကျိုးဆက်သက်သာခွင့်ကိုပါတောင်းရမည်ဖြစ်ကြောင်း၊** ယခုအမှုမှ စာချုပ်များမှာ တရားမဝင်ကြောင်းနှင့် ပျက်ပြယ်ကြောင်း သက်သေအထောက်အထားပြရန်တာဝန်မှာ လျှောက်ထားခံရသူ ဒေါ်မွေးအိမ်ပါ(၇)ဦးတို့၏အပေါ်တွင် ကျရောက်ကြောင်း၊ ထို့ပြင် လျှောက်ထားခံရသူ ဒေါ်မွေးအိမ်တောင်းဆိုသည့်အတိုင်း ဒီကရီချပေးပါက စာချုပ်နှစ်ခုတို့ကို ပယ်ဖျက်လိုက်သည့်သဘောသက်ရောက်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ **လျှောက်ထားခံရသူအမှတ်(၁) ဒေါ်မွေးအိမ်သည် စာချုပ်များပယ်ဖျက်ပေးရန် အကျိုးဆက်သက်သာခွင့်ကိုလည်း တောင်းဆိုရမည်ဖြစ်ကြောင်း ဗဟိုတရားရုံးက ဆင်ခြင်သုံးသပ်ခဲ့ပါသည်။**

အထက်တွင် ဖော်ပြထားသည့်စာချုပ်များမှာ ပျက်ပြယ်သည်။ အကျိုးသက်ရောက်မှုမရှိဟု မြွက်ဟကြေညာရုံမျှဖြင့် ၎င်းစာချုပ်များတွင် ဖော်ပြထားသည့်ပစ္စည်းတို့တွင် လျှောက်ထားခံရသူ ဒေါ်မွေးအိမ်၏အခွင့်အရေး(အခွင့်အရေးရှိပါက)ကို အကာအကွယ်ပေးနိုင်မည်မဟုတ်။ **၎င်းစာချုပ်များပယ်ဖျက်မှသာလျှင် လျှောက်ထားခံရသူ အမှတ်(၁) ဒေါ်မွေးအိမ်၏အခွင့်အရေး(အခွင့်အရေးရှိပါက)ကို ကာကွယ်ရမည်ဖြစ်ကြောင်း** ဗဟိုတရားရုံးက စိစစ်သုံးသပ်ဆုံးဖြတ်ခဲ့ပါသည်။

ထို့ကြောင့် မြို့နယ်တရားရုံးနှင့် မွန်ပြည်နယ်တရားရုံးတို့၏အမိန့်များကို ပယ်ဖျက်ပြီး လျှောက်ထားခံရသူအမှတ်(၁) ဒေါ်မွေးအိမ်သည် **စာချုပ်များကို ပယ်ဖျက်ပေးရန် အကျိုးဆက်သက်သာခွင့်ကိုပါ ထည့်သွင်းတောင်းဆိုရန် "အဆိုလွှာကို ပြင်ဆင်စေ" ဟု ဗဟိုတရားရုံးက အမိန့်ချမှတ်လိုက်ပါသည်။** အဆိုလွှာပြင်ဆင်သည့်အတွက် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာတရားရုံးက ဆောင်ရွက်ရန် ဗဟိုတရားရုံးက ညွှန်ကြားလိုက်ပါသည်။

တရားမမှုများစွဲဆိုကြရာတွင် အမှုစတင်စွဲဆိုသည့်အချိန်ကာလတွင်ပင် မိမိတောင်းဆိုရမည့်သက်သာခွင့်ကို ခြွင်းချန်ခြင်းမရှိ ပြည့်ပြည့်စုံစုံထည့်သွင်းတင်ပြတောင်းဆိုရမည်ဖြစ်ကြောင်း ဗဟိုတရားရုံးက လမ်းညွှန်ထုံးဖွဲ့ခဲ့ခြင်းဖြစ်ကြောင်း **၁၉၇၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် (၄၃) ဦးရွှေဇံအောင်နှင့် ဒေါ်မွေးအိမ်ပါ (၇)ဦး** စီရင်ထုံးကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

# ပေါင်းတည်မြို့နယ် အုန်းသုံးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**ပေါင်းတည် ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းသုံးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် ဝန်ထမ်းများက အုန်းသုံးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း အမှန်တကယ် လိုက်နာဆောင်ရွက်ထားခြင်းရှိ၊ မရှိ၊ စီမံကိန်းဆိုင်ရာစာရင်းဇယားများ ဖြည့်သွင်းထားရှိမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အုန်းသုံးပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉၁ ဦးကို ငွေကျပ် ၃၅ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၄ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သန်း ၄၀ ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

# ခေတ်သစ်လယ်ယာစိုက်ပျိုးရေးကို ပြောင်းလဲစေသော ဉာဏ်ရည်တု (AI) နည်းပညာ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

**ယခင်တစ်ပတ်မှအဆက်**

**စိုက်ပျိုးရေးတွင် AI ၏ အကျိုးကျေးဇူးများ**

စိုက်ပျိုးရေးတွင် AI ကို ပေါင်းစပ်အသုံးပြုခြင်းသည် စီးပွားရေး၊ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများစွာကို ပေးစွမ်းသည်။ ပထမအချက်အနေဖြင့် AI သည် အချက်အလက်အခြေပြုဆုံးဖြတ်ချက်ချခြင်းကို ဖော်ဆောင်ပေးခြင်းဖြင့် လယ်ယာထုတ်လုပ်မှုကို တိုးတက်စေသည်။ လယ်သမားများသည် စိုက်ပျိုးချိန် ဇယားများ၊ ရေသွင်းခြင်း၊ မြေဩဇာကျွေးခြင်းနှင့် ပိုးမွှားစီမံခန့်ခွဲမှုတို့ကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်ပြီး သီးနှံအထွက်နှုန်းမြင့်မားစေသည်။ ထုတ်ကုန်အရည်အသွေးတိုးတက်စေသည်။

ဒုတိယအချက်အနေဖြင့် AI သည် ရေ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲမှုကို လျှော့ချခြင်းဖြင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကို မြှင့်တင်ပေးသည်။ မြေဆီလွှာကျန်းမာရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ပေးခြင်းနှင့်အတူ တိကျသော စိုက်ပျိုးရေးသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချပေးသည်။

တတိယအချက်အနေဖြင့် AI သည် အလေအလွင့်ဖြစ်မှုကို လျှော့ချပေးပြီး အရင်းအမြစ်ထိရောက်မှုကို တိုးတက်စေခြင်းဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်ကိုလျှော့ချပေးသည်။ အလိုအလျောက်စက်ယန္တရားများသည် လက်လုပ်အားအပေါ် မှီခိုမှုကိုလည်း လျှော့ချပေးသဖြင့် လယ်သမားများသည် အလုပ်သမားနည်းနည်းနှင့် လယ်ယာလုပ်ငန်းကြီးများကို စီမံခန့်ခွဲနိုင်သည်။

ထို့ပြင် AI သည် စိုက်ပျိုးရေးထုတ်လုပ်မှုကို မြှင့်တင်ပေးသည်။ ရောဂါများ၊ ပိုးမွှားများနှင့် ရာသီဥတုဆိုးရွားမှုများကြောင့် ဖြစ်ပေါ်လာသောသီးနှံဆုံးရှုံးမှုများကို လျှော့ချပေးခြင်းအားဖြင့် စားနပ်ရိက္ခာဖူလုံရေးကို အားကောင်းစေသည်။ ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာတစ်ဝန်းရှိလယ်ယာစနစ်များကို ဆက်လက်ထိခိုက်စေသည်နှင့်အမျှ AI သည် ခံနိုင်ရည်ရှိမှုကို တိုးတက်စေပြီး ပြောင်းလဲနေသော ပတ်ဝန်းကျင်အခြေအနေများကို လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ရန် အဖိုးတန်ကိရိယာတွေကို ပံ့ပိုးပေးသည်။

နောက်ဆုံးအနေဖြင့် AI သည် ရိတ်သိမ်းမှုပမာဏကို ခန့်မှန်းခြင်း၊ ဈေးကွက်ဝယ်လိုအားကို ခန့်မှန်းခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့်သိုလှောင်မှုကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ခြင်းဖြင့် ထောက်ပံ့ရေးကွင်းဆက်စီမံခန့်ခွဲမှုကို တိုးတက်စေသည်။ ၎င်းတိုးတက်မှုများသည် အစားအစာအလဟဿဖြစ်မှုကို လျှော့ချပေးသည်။ စားသုံးသူများကို လတ်ဆတ်သော စိုက်ပျိုးရေးထွက်ကုန်များကို ပိုမိုထိရောက်စွာ ရရှိစေသည်။

**AI လက်ခံကျင့်သုံးမှု၏ စိန်ခေါ်မှုများ**

စိုက်ပျိုးရေးတွင် AI ကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးမှုကို စိန်ခေါ်မှုများစွာက ကန့်သတ်ထားသည်။ အဓိကစိန်ခေါ်မှုတစ်ခုမှာ ဒရုန်းများ၊ အာရုံခံကိရိယာများ၊ အလိုအလျောက်စက်ယန္တရားများနှင့် ဆော့ဖ်ဝဲပလက်ဖောင်းများအပါအဝင် AI နည်းပညာများအတွက် ကနဦးရင်းနှီးမြှုပ်နှံမှုများပြားစွာလိုအပ်ခြင်းဖြစ်သည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသေးစားလယ်သမားများသည် ဤနည်းပညာများကို လက်ခံကျင့်သုံးရန်လိုအပ်သော ငွေကြေးအရင်းအမြစ်များ မကြာခဏချို့တဲ့လေ့ရှိသည်။



နောက်ထပ်ကန့်သတ်ချက်တစ်ခုမှာ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံရရှိနိုင်မှုဖြစ်သည်။ ကျေးလက်ဒေသများစွာသည် အင်တာနက်ချိတ်ဆက်မှုအခက်အခဲကို ကြုံတွေ့နေရဆဲဖြစ်ပြီး Cloud-based AI စနစ်များကို ထိရောက်စွာ အကောင်အထည်ဖော်ရန် ခက်ခဲစေသည်။ AI စနစ်များသည်လည်း တိကျပြီး အရည်အသွေးမြင့် ဒေတာများအပေါ် မူတည်သည်။ ဒေတာစုဆောင်းမှု ညံ့ဖျင်းခြင်း၊ မှတ်တမ်းများ မပြည့်စုံခြင်း သို့မဟုတ် အာရုံခံကိရိယာများ ချို့ယွင်းခြင်းသည် AI ခန့်မှန်းချက်များနှင့် အကြံပြုချက်များ၏ တိကျမှုကို လျော့ကျစေနိုင်သည်။

ထို့ပြင် လယ်သမားများစွာသည် AI နည်းပညာများကို ထိရောက်စွာနားလည်ပြီး အသုံးချနိုင်ရန် လေ့ကျင့်မှုလိုအပ်သည်။ သင့်လျော်သော ပညာရေးနှင့်နည်းပညာပံ့ပိုးမှုမရှိပါက အလားအလာရှိသော အကျိုးကျေးဇူးများရှိနေသော်လည်း လက်ခံမှုနှုန်းထားများ နိမ့်ကျနေနိုင်သည်။

ကိုယ်ရေးလျှို့ဝှက်ချက်နှင့် ဆိုက်ဘာလုံခြုံရေးသည်လည်း တိုးပွားလာနေသော စိုးရိမ်မှုများကို ဖြစ်ပေါ်စေသည်။ လယ်ယာများသည် ဒစ်ဂျစ်တယ်နည်းပညာများကို ပိုမိုအားကိုးလာသည်နှင့်အမျှ စိုက်ပျိုးရေးဒေတာများကို ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ကြည့်ရှုခြင်းမှ ကာကွယ်ခြင်းသည် မရှိမဖြစ်လိုအပ်လာသည်။

**အနာဂတ်အလားအလာများ**

လယ်ယာစိုက်ပျိုးရေးတွင် AI ၏အနာဂတ်သည် အလွန်အလားအလာကောင်းနေသည်။ စက်သင်ယူမှု၊ ရိုဘော့တစ်၊ Cloud Computing နှင့် Edge Computing တို့တွင် ဆက်လက်တိုးတက်မှုများသည် AI စနစ်များကို ပိုမိုအသုံးပြုလာနိုင်မည်ဖြစ်သည်။ အစိုးရများ၊ တက္ကသိုလ်များနှင့် ပုဂ္ဂလိကနည်းပညာကုမ္ပဏီများသည် ဆန်းသစ်သောလယ်ယာစိုက်ပျိုးရေးဖြေရှင်းချက်များ တီထွင်ရန်အတွက် ဒစ်ဂျစ်တယ်လယ်ယာသုတေသနတွင် များစွာရင်းနှီးမြှုပ်နှံနေကြသည်။

ထို့ပြင် အနာဂတ် AI အသုံးချမှုများတွင် အပြည့်အဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော လယ်ယာများ၊ အဆင့်မြင့်ရိုဘော့တစ်ရိတ်သိမ်းစနစ်များ၊ ရာသီဥတုလိုက်လျောညီထွေဖြစ်အောင် ပုံစံများနှင့် AI စွမ်းအင်သုံး မျိုးရိုးဗီဇသီးနှံတိုးတက်မှုတို့ ပါဝင်နိုင်သည်။ ဤတီထွင်မှုများသည် သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချခြင်းနှင့်အတူ လယ်သမားများကို အစားအစာပိုမိုထုတ်လုပ်ရန် ကူညီပေးလိမ့်မည်ဖြစ်သည်။

သို့ဖြစ်ရာ AI ကို ပိုမိုကျယ်ပြန့်စွာရရှိသည်နှင့်အမျှ မိုဘိုင်းအပလီကေးရှင်းများ၊ အာရုံခံကိရိယာများနှင့် Cloud-based အကြံပေးဝန်ဆောင်မှုများမှတစ်ဆင့် လယ်သမားများအကျိုးကျေးဇူးရရှိမည်ဟုမျှော်လင့်ရသည်။ ဤနည်းပညာများသည် စားနပ်ရိက္ခာဖူလုံရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သော ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ အောင်မြင်ရန် သိသာထင်ရှားစွာ အထောက်အကူပြုလိမ့်မည်ဖြစ်သည်။

နိဂုံးချုပ်အားဖြင့် ဉာဏ်ရည်တုသည် ပိုမိုစမတ်ကျပြီး ပိုမိုထိရောက်သော၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းစဉ်များကို မိတ်ဆက်ပေးခြင်းဖြင့် ခေတ်မီလယ်ယာစိုက်ပျိုးရေးကို အခြေခံအားဖြင့် ပြောင်းလဲနေသည်။ တိကျစွာလုပ်ဆောင်သော စိုက်ပျိုးရေး၊ စမတ်ကျသော ရေသွင်းစနစ်၊ ရောဂါရှာဖွေခြင်း၊ အလိုအလျောက် စက်ယန္တရားများ၊ မွေးမြူရေးတိရစ္ဆာန်များကို စောင့်ကြည့်ခြင်းနှင့် ခန့်မှန်းချက်ခွဲခြမ်းစိတ်ဖြာမှုများမှတစ်ဆင့် AI သည် လယ်သမားများအား ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုကို လျှော့ချပေးသည်။ ထို့ပြင် ထုတ်လုပ်မှုတိုးတက်စေသည့် အသိပေးဆုံးဖြတ်ချက်များချနိုင်စေသည်။ ကုန်ကျစရိတ်၊ အခြေခံအဆောက်အအုံနှင့် ဒစ်ဂျစ်တယ်ဗဟုသုတကဲ့သို့သော စိန်ခေါ်မှုများရှိနေသည်။ သို့သော်လည်း ဆက်လက်ဖြစ်ပေါ်နေသော နည်းပညာတိုးတက်မှုများသည် AI ကို ပိုမိုလက်တွေ့ကျပြီး လက်လှမ်းမီနိုင်စေသည်။ ကမ္ဘာလုံးဆိုင်ရာ အစားအစာဝယ်လိုအား မြင့်တက်လာပြီး ရာသီဥတုပြောင်းလဲမှု ပိုမိုပြင်းထန်လာသည်နှင့်အမျှ စိုက်ပျိုးရေး၏ အနာဂတ်ရေရှည်တည်တံ့မှုနှင့် ပြန်လည်ကောင်းမွန်လာမှုကို သေချာစေရန် AI သည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်သည်။ AI မောင်းနှင်သော ဆန်းသစ်တီထွင်မှုများကို ယနေ့ခေတ်တွင် လက်ခံကျင့်သုံးခြင်းသည် အနာဂတ်မျိုးဆက်များအတွက် ပိုမိုထုတ်လုပ်နိုင်စွမ်းရှိသော၊ ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုရှိသော၊ အစားအစာဘေးကင်းသော ကမ္ဘာကြီးကို ဖန်တီးရန်ကူညီပေးမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

**ကိုးကား**

- Food and Agriculture Organization (FAO).(2025). AI for Sustainable Agri-culture and Food Systems. https://www.fao.org
- Microsoft Agriculture Insights. (2025). How AI Is Transforming Farming and Food Production. https://www.microsoft.com

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၇၇၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မြင်းမူ ဇူလိုင် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၇၇၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြင်းမူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၆၆၀၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလ ပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၇၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲတီစိမ်းဧက ၁၆၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်" ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

ယခုနှစ် မြင်းမူမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပဲတီစိမ်းကို အထွက်နှုန်းနှင့် အရည်အသွေးတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၉၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**တန့်ဆည် ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၉၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၇၆၉၉ ဧကစိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၉၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ပဲတီစိမ်း ဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားခဲ့ပါတယ်။ ဒီနေ့မှာ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

ယခုနှစ် တန့်ဆည်မြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းစေရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် ရေမျက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မင်းဘူး ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေမျက်ကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ရေမျက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရေမျက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၃ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၂ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦး၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၆ ဦးကို ရန်ပုံငွေကျပ် ၅၆၃ ဒသမ ၅ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ဇင်မာ






## အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ဒေးဝန်း(၃၀၈)ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်နေ (ဘ) ဦးအောင်လွင်ဦး (ခ) ဦးအောင်အောင်(၉/မနတ(နိုင်)၀၀၀၇၈၄) + (မိခင်) ဒေါ်သက်ထားမွန်(၉/မခန(နိုင်)၁၄၁၅၆၄) တို့၏သား ကိုသူရဟိန်းထက် (ခ) ဟိန်းထက်(၉/ခအဇ(နိုင်)၀၅၇၉၉၂)သည် မိဘနှစ်ပါး၏ဆိုဆုံးမမှုအပေါ် နားမထောင်ပါသဖြင့် ကိုသူရဟိန်းထက် (ခ) ဟိန်းထက်၏ လူမှုရေးကိစ္စအဝဝနှင့် ငွေရေးကြေးရေးကိစ္စများကို ကျွန်တော်၊ ကျွန်မတို့ မိဘနှစ်ပါးနှင့် လုံးဝလုံးဝ မသက်ဆိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးအောင်လွင်ဦး (ခ) ဦးအောင်အောင်
(၉/မနတ(နိုင်)၀၀၀၇၈၄)
ဒေါ်သက်ထားမွန်(၉/မခန(နိုင်)၁၄၁၅၆၄)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(၂၇) ကျောင်း၊ Grade–11 တွင် ပညာသင်ကြားနေသော မောင်ဇွဲလင်းသူ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဌေးလင်း** ဖြစ်ပါကြောင်း။

**ဦးဌေးလင်း(၅/ဒပယ(နိုင်)၁၄၃၃၈၅)**

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ဝက်ဝံကျေးရွာနေ ဒေါ်အေးငွေ (ဘ) ဦးစံလှိုင်(၁၃/လလန(နိုင်)၀၃၉၁၇၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA–028550)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–796542777**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အထကတမုတ်ဆိုး၊ Grade–7(B) တွင် ပညာသင်ကြားနေသော မခင်ရတီမိုး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမင်းမင်းဇင်** ဖြစ်ပါကြောင်း။

**ဦးမင်းမင်းဇင်(၉/စကတ(နိုင်)၀၈၉၈၇၅)**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ မိုးကောင်းအုပ်စု၊ ဥသျှစ်ပင်ကျေးရွာနေ မအိရွှေစင် (ဘ) ဦးအောင်မင်း(၉/ပဘန(နိုင်)၂၆၄၁၇၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC–858411)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**09–981950143**

## အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၃၆) Grade–6 တွင် ပညာသင်ကြားနေသော(ဘ) ဦးစိုင်းနောင်နောင်၏ သမီး မအိမ့်နဒီမမ၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မအိမ့်နဒီဦး** ဖြစ်ပါကြောင်း။

**မအိမ့်နဒီဦး**

## မီးလောင်မှုဖြစ်ပွားသည့်ပုံစံနှင့် မီးငြိမ်းသတ်ရန်နည်းလမ်းများ။

၁။ လူနှင့်အဝတ်အစားများကို မီးလောင်ခြင်း။

- ကြောက်လန့်တကြားမပြေးပါနှင့်။
- မြေကြီး(သို့) ကြမ်းပြင်ပေါ်သို့ လှဲချ၍ ခန္ဓာကိုယ်ကို လှိမ့်ပါ။
- ရေစိုသောအဝတ်စဖြင့် မီးလောင်သူကို ဖုံးအုပ်ပါ။



၂။ သစ်သား၊ စက္ကူများလောင်ကျွမ်းခြင်း။

- ရေ၊ ရေစိုအဝတ်(သို့) သဲ၊ မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ပါ။

၃။ ဓာတ်ဆီ၊ စက်သုံးဆီများလောင်ကျွမ်းခြင်း။

- ရေစိုအဝတ်၊ သဲတို့နှင့် အုပ်၍ (သို့) မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ပါ။( ရေဖြင့်မငြိမ်းရ)

၄။ လျှပ်စစ် ဝါယာရှော့ဖြစ်ခြင်း။

- ပင်မ မီးနံရလုတ်ကိုပိတ်ပါ။ (မီးနံရလုတ်မပိတ်ဘဲရေဖြင့် မငြိမ်းရ။)
- ခြောက်သွေ့သောအဝတ်ပိတ်စတို့ဖြင့် ရိုက်ပုတ် ငြိမ်းသတ်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။

၅။ အိမ်သုံး ဂက်စ်အိုး မီးလောင်ခြင်း။

- ဓါတ်ငွေ့ထွက်ပေါက်ကို လက်(သို့)သင့်လျော်သော ပစ္စည်းဖြင့် ပိတ်ပါ။ ဓါတ်ငွေ့ ပိုက်လိုင်းကို ခေါက်၍ အမြန်ဆုံး ပိတ်နိုင်အောင် ဆောင်ရွက်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။
- မီးသတ်ဌာနကိုဆက်သွယ်ပါ။



### "အဂတိပယ်ခွာ ပြည်သာယာ"
### Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇–၈၁၀၃၃၄၇၊
၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ ရန်ကုန်မြို့အခြေစိုက် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး လာရောက်ဂါရဝပြုတွေ့ဆုံ စာမျက်နှာ - ၁၈

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ ကျင်းပ စာမျက်နှာ - ၁၉

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရက် ၂၀ မြောက်နေ့ ကျင်းပ စာမျက်နှာ - ၂၀

လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများသို့ အသိပေးကြေညာခြင်း စာမျက်နှာ - ၂၄


## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးကို လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၂

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံမှူး၊ စစ်သံမှူးနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၈ ကော်လံ ၃☆



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား လက်ခံတွေ့ဆုံစဉ်။



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက အောင်သပြေခက်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုစဉ်။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၂၂

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိနယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။


တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာမျက်နှာ ၂၄ ကော်လံ ၄❖

## တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ခါမ်းပါတ်မြို့နယ် ကမ္မကြီးကျေးရွာကို ထပ်မံသိမ်းပိုက်ရရှိ

နေပြည်တော် ဇူလိုင် ၂၂

တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးစေရေးတို့အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့်အပြင်

စာမျက်နှာ ၂၅ ကော်လံ ၁◆




တပ်မတော်စစ်ကြောင်းများက ကလေး-တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ခါမ်းပါတ်မြို့နယ် ကမ္မကြီးကျေးရွာကို သိမ်းပိုက်ရရှိစဉ်။

### စာဆိုဗိမာန်သို့ လာရောက်လေ့လာကြည့်ရှုနိုင်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာ့စာပေယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြည်သူများ လေ့လာမှတ်သားသိရှိနိုင်စေရန် ခေတ်အဆက်ဆက် မြန်မာစာဆိုတော်ကြီးများအား ဂုဏ်ပြုချီးမြှင့်ရာရောက်စေမည့် စာဆိုဗိမာန်ကို ဇူလိုင် ၂၅ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ကြာသပတေး၊ စနေနေ့တို့တွင် အများပြည်သူသို့ အခမဲ့ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။ စာပေဝါသနာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘပြည်သူများအနေဖြင့် အဆိုပါနေ့များတွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ လာရောက်လေ့လာနိုင်ရန် ဖိတ်ခေါ်ထားသည်။

စာဆိုဗိမာန်ကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းခေါင်လမ်း ဥယျာဉ်ရပ်ကွက် အမှတ် ၁၈(A)တွင် ဖွင့်လှစ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**